- ထိုသို့လုပ်ပါက ဓာတ်လိုက်ခြင်း၊ မီးလောင်ခြင်း၊ ပေါက်ကွဲခြင်း (သို့မဟုတ်) စက်အတွင်း ပြဿနာများ ဖြစ်စေနိုင်ပါသည်။
- မှန်မှန်ကန်ကန် နေရာမချထားသော လျှပ်စစ်မီးကြိုးကို ပလတ်ပေါက်အတွင်း ဘယ်တော့မှ ပလတ်မထိုးပါနှင့်။ ဒေသတွင်းနှင့် နိုင်ငံတွင်း ပြဋ္ဌာန်းစည်းမျဉ်းများနှင့်အညီ လိုက်နာကြောင်း သေချာပါစေ။

ဤစက်ကို အပူပေးစက် (သို့မဟုတ်) မီးလောင်လွယ်သော ပစ္စည်းတစ်ခုခုအနီးတွင် မတပ်ဆင်ပါနှင့်။

ဤစက်ကို စိုထိုင်းသော နေရာ၊ ဆီပေကျံသော နေရာ (သို့မဟုတ်) ဖုန်ထူသော နေရာ (သို့မဟုတ်) နေရောင် တိုက်ရိုက်ကျသော နေရာ (သို့မဟုတ်) ရေစိုသောနေရာ (မိုးရေထဲ) တွင် မတပ်ဆင်ပါနှင့်။

ဤစက်ကို အပူချိန်နိမ့်သော နေရာတွင် မတပ်ဆင်ပါနှင့်။

- နှင်းရိုက်ခြင်းက ပိုက်များကို ပေါက်ကွဲစေနိုင်ပါသည်။

လျှပ်စစ်ထရန်စဖော်မာကို အသုံးမပြုပါနှင့်။

- ၎င်းက ဓာတ်လိုက်ခြင်း (သို့မဟုတ်) မီးလောင်ခြင်းကို ဖြစ်စေနိုင်ပါသည်။

ပျက်စီးနေသော ပါဝါမီးပလတ်၊ ပျက်စီးနေသော ပါဝါမီးကြိုး (သို့မဟုတ်) လျော့ရဲရဲဖြစ်နေသော အိမ်နံရံ ပလတ်ပေါက်ကို အသုံးမပြုပါနှင့်။

- ၎င်းက ဓာတ်လိုက်ခြင်း (သို့မဟုတ်) မီးလောင်ခြင်းကို ဖြစ်စေနိုင်ပါသည်။

ပါဝါမီးကြိုးကို မဆွဲဆန့်ပါနှင့် (သို့မဟုတ်) အလွန်အကျွံ မကွေးပါနှင့်။

ပါဝါမီးကြိုးကို မလိမ်ပါနှင့် (သို့မဟုတ်) မချည်ပါနှင့်။

Untitled-9 9 2023-11-10 2:25:08

ဘေးကင်းလုံခြုံရေး အချက်အလက်

ပါဝါမီးကြိုးကို သတ္တုပစ္စည်းတစ်ခုအပေါ် မချိတ်ထားပါနှင့်၊ ပါဝါမီးကြိုးအပေါ် လေးလံသော အရာဝတ္ထုကို မတင်ပါနှင့်၊ အရာဝတ္ထုများအကြား ပါဝါမီးကြိုးကို မထားပါနှင့် (သို့မဟုတ်) အဝတ်လျှော်စက်အနောက်ဘက် နေရာလပ်အတွင်း ပါဝါမီးကြိုးကို အတင်းထိုးထည့်ခြင်း မလုပ်ပါနှင့်။

- ၎င်းက ဓာတ်လိုက်ခြင်း (သို့မဟုတ်) မီးလောင်ခြင်းကို ဖြစ်စေနိုင်ပါသည်။

ပါဝါမီးပလတ်၊ ရေပိုက်ခေါင်းများနှင့် ရေဆိုးထုတ်ပိုက်များကို အလွယ်တကူ လက်လှမ်းမီနိုင်သည့်အနေအထားတွင် ဤအဝတ်လျှော်စက်ကို နေရာချထားသင့်ပါသည်။

စက်တပ်ဆင်ခြင်း သတိပေးချက်များ

⚠ သတိ

ပါဝါမီးပလတ်ကို အလွယ်တကူ လက်လှမ်းမီနိုင်သည့်အနေအထားတွင် ဤအဝတ်လျှော်စက်ကို နေရာချထားသင့်ပါသည်။

- ထိုသို့ဆောင်ရွက်ဖို့ ပျက်ကွက်ခြင်းက လျှပ်စစ်ကြိုးပေါက်ခြင်းကြောင့် လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း (သို့မဟုတ်) မီးလောင်ခြင်းကို ဖြစ်စေနိုင်ပါသည်။

အလွန်အရေးပါသည့် သုံးစွဲမှုဆိုင်ရာ သတိပေးချက်များ

⚠ သတိပေးချက်

အဝတ်လျှော်စက်အတွင်း ရေလျှံနေပါက ရေနှင့်မီးကို ချက်ချင်းပိတ်ပြီး အနီးဆုံး Samsung သုံးစွဲသူဝန်ဆောင်မှုထံ ဆက်သွယ်ပါ။

- ပါဝါမီးပလတ်ကို စိုနေသော လက်ဖြင့် မထိပါနှင့်။
- ထိုသို့ဆောင်ရွက်ဖို့ ပျက်ကွက်ခြင်းက ဓာတ်လိုက်ခြင်း ဖြစ်နိုင်ပါသည်။

အဝတ်လျှော်စက်မှ ထူးဆန်းသော အသံ၊ ဧည့်နှံ့ သို့မဟုတ် မီးခိုးထွက်ပါက ပလတ်ခေါင်းကို ချက်ချင်းဖြုတ်ပြီး သင်နှင့်အနီးဆုံး ဝန်ဆောင်မှုစင်တာကို ဆက်သွယ်ပါ။

- ထိုသို့ဆောင်ရွက်ဖို့ ပျက်ကွက်ခြင်းက ဓာတ်လိုက်ခြင်း သို့မဟုတ် မီးလောင်ခြင်းကို ဖြစ်စေနိုင်ပါသည်။

(ပရိုပိန်းဂတ်စ်၊ LP ဂတ်စ်စသဖြင့်) ဂတ်စ်ယိုစိမ့်ထွက်သည့်အခြေအနေတွင် ပါဝါမီးပလတ်ကို မထိဘဲ ချက်ချင်း လေဝင်လေထွက်ကောင်းအောင်လုပ်ပါ။ အဝတ်လျှော်စက် (သို့မဟုတ်) ပါဝါမီးကြိုး မထိပါနှင့်။

- လေဝင်လေထွက် ပန်ကာကို အသုံးမပြုပါနှင့်။
- မီးပွားတစ်ခုမှအစပြုပြီး ပေါက်ကွဲမှု (သို့မဟုတ်) မီးလောင်မှုကို ဖြစ်စေနိုင်ပါသည်။

အဝတ်လျှော်စက်အတွင်း (သို့မဟုတ်) အဝတ်လျှော်စက်ပေါ်တွင် ကလေးများကို ကစားခွင့်မပြုရပါ။ ထို့အပြင် အဝတ်လျှော်စက်ကို စွန့်ပစ်သောအခါ အဖုံးကို ဖယ်ရှားပါ။

- အဆိုပါအဝတ်လျှော်စက်အတွင်း ပိတ်မိနေပါက ကလေးများအနေဖြင့် သေဆုံးသည်အထိ အသက်ရှူကျပ်နိုင်ပါသည်။

Untitled-9 10 2023-11-10 2:25:08

ဓာတ်ဆီ၊ ရေနံဆီ၊ ဗင်ဇင်း၊ အိမ်သုတ်ဆေး အရောင်ကျဲဆေး၊ အရက်ပြန် (သို့မဟုတ်) အခြားသော မီးလောင်လွယ်သည့်ပစ္စည်းများ (သို့မဟုတ်) ပေါက်ကွဲတတ်သည့်ပစ္စည်းများ ပေကျံနေသည့် အဝတ်အစားများကို မလျှော်ဖွပ်ရပါ။

- ၎င်းက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ မီးလောင်ခြင်း (သို့မဟုတ်) ပေါက်ကွဲခြင်း ဖြစ်စေနိုင်ပါသည်။

ပါဝါမီးပလတ်ကို စိုနေသော လက်ဖြင့် မထိပါနှင့်။

- ၎င်းက ဓာတ်လိုက်စေတတ်ပါသည်။

အဝတ်လျှော်စက်ကို အသုံးပြုနေစဉ် စက်အောက်ပိုင်းအတွင်း သင့်လက် (သို့မဟုတ်) သတ္တုအရာဝတ္ထု ထည့်ခြင်းမပြုရပါ။

- ၎င်းက ထိခိုက်ဒဏ်ရာရစေနိုင်ပါသည်။

စက်ကို သင့်ဘာသာ ပြုပြင်ရန်၊ ဖြုတ်ရန်၊ သို့မဟုတ် မွမ်းမံရန် မကြိုးစားပါနှင့်။

- ပုံမှန်ဖျူးစ်မှလွဲ၍ (ကြေးနီ၊ စတီးဝါယာစသည့်) ဖျူးစ်ကို အသုံးမပြုရပါ။
- အဝတ်လျှော်စက်ကို ပြုပြင်ဖို့ (သို့မဟုတ်) ပြန်လည်တပ်ဆင်ဖို့ လိုအပ်သောအခါ သင်နှင့်အနီးဆုံး ဝန်ဆောင်မှုစင်တာကို ဆက်သွယ်ပါ။
- ထိုသို့ဆောင်ရွက်ဖို့ ပျက်ကွက်ခြင်းက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ မီးလောင်ခြင်း၊ စက်အတွင်းပြဿနာများ (သို့မဟုတ်) ထိခိုက်ဒဏ်ရာ ဖြစ်စေနိုင်ပါသည်။
- ထိုအခြေအနေသည် Samsung မှပေးသည့် ပုံမှန်အာမခံအတွင်း အကျုံးဝင်မည် မဟုတ်ကာ ထိုသို့ဆောင်ရွက်မိခြင်းကြောင့် ဖြစ်ပေါ်လာသည့် စက်ချို့ယွင်းမှုများ (သို့မဟုတ်) ထိခိုက်ပျက်စီးမှုများအတွက် Samsung အနေဖြင့် တာဝန်ယူမည်မဟုတ်ပါ။

အချိန်ကြာမြင့်စွာ (သို့မဟုတ်) မိုးခြိမ်းသည့်အချိန်အတွင်း (သို့မဟုတ်) လျှပ်စီးလက်မှုန်တိုင်းထန်သည့်အချိန်အတွင်း အဝတ်လျှော်စက်ကို အသုံးမပြုဘဲထားပါက ပါဝါမီးပလတ်ကို ဖြုတ်ပါ။

- ထိုသို့ဆောင်ရွက်ဖို့ ပျက်ကွက်ခြင်းက ဓာတ်လိုက်ခြင်း သို့မဟုတ် မီးလောင်ခြင်းကို ဖြစ်စေနိုင်ပါသည်။

စက်၏ စည်ပိုင်းလည်သည့်အချိန်အတွင်း လက်မထည့်ရပါ။

- ၎င်းက ထိခိုက်ဒဏ်ရာရစေနိုင်ပါသည်။ အဝတ်လျှော်စက်အဖုံး ဖွင့်ပြီးနောက် 15 စက္ကန့်အတွင်း စည်ပိုင်းလည်ခြင်း ရပ်တန့်မသွားပါက သင်နှင့်အနီးဆုံး Samsung ဧရိယာဝယ်သူ ဝန်ဆောင်မှုစင်တာကို ဆက်သွယ်ပါ။

သင့်အဝတ်လျှော်စက်အတွင်း (သို့မဟုတ်) စက်အပေါ်တွင် ကလေးများ (သို့မဟုတ် အိမ်မွေးတိရစ္ဆာန်များ) ကို ဆော့ကစားခွင့်မပြုပါနှင့်။ အဝတ်လျှော်စက်တံခါးအဖုံးသည် အတွင်းဘက်မှ အလွယ်တကူ မပွင့်သဖြင့် အတွင်းပိုင်းတွင် ပိတ်မိနေပါက ကလေးများအနေဖြင့် အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိနိုင်ပါသည်။

သင့်အဝတ်လျှော်စက်အတွင်း ရေပူကို အသုံးပြုသောအခါ 50 °C ထက် ကျော်လွန်ပြီး အသုံးမပြုရပါ။ ပလတ်စတစ်နှင့်လုပ်ထားသည့် အစိတ်အပိုင်းများ ပုံပျက်နိုင်ပါသည် (သို့မဟုတ်) ပျက်စီးနိုင်ပါသည်။ ထို့နောက် ၎င်းက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း (သို့မဟုတ်) မီးလောင်ခြင်းကို ဖြစ်စေနိုင်ပါသည်။

Untitled-9 11 2023-11-10 2:25:08

ဘေးကင်းလုံခြုံရေး အချက်အလက်

သုံးစွဲမှု သတိပေးချက်များ

⚠ သတိ

အဝတ်လျှော်စက်တွင် ဆပ်ပြာမှုန့်၊ ဖုန်အညစ်အကြေး၊ စွန့်ပစ်အစားအစာစသည့် ပြင်ပပစ္စည်းတစ်ခုဖြင့် ညစ်ပေသောအခါ ပါဝါမီးပလတ်ကို ဖြုတ်ပြီး ရေစွတ်ထားသော အဝတ်ပျော့သုံး၍ အဆိုပါအဝတ်လျှော်စက်ကို သန့်ရှင်းရေးလုပ်ပေးပါ။

- ထိုသို့လုပ်ရန်ပျက်ကွက်ခြင်းသည် အရောင်ကျွတ်ခြင်း၊ ပုံပျက်ခြင်း၊ ထိခိုက်ပျက်စီးခြင်း၊ သို့မဟုတ် သံချေးတက်ခြင်းကို ဖြစ်စေမည်ဖြစ်ပါသည်။

သင် ဝယ်ယူလိုက်သော အဝတ်လျှော်စက်ကို အိမ်သုံးအတွက်သာ ဒီဇိုင်းထုတ်ထားပါသည်။ စီးပွားဖြစ် အသုံးပြုခြင်းက ထိုအဝတ်လျှော်စက်အား တလွဲအသုံးပြုရာ ရောက်ပါသည်။ ထိုအခြေအနေတွင် Samsung မှပေးသည့် ပုံမှန်အာမခံအတွင်း အကျုံးဝင်မည် မဟုတ်ကာ ထိုသို့ဆောင်ရွက်မိခြင်းကြောင့် ဖြစ်ပေါ်လာသည့် စက်ချို့ယွင်းမှုများ (သို့မဟုတ်) ထိခိုက်ပျက်စီးမှုများအတွက် Samsung အနေဖြင့် တာဝန်ယူမည်မဟုတ်ပါ။

အဝတ်လျှော်စက်ပေါ်တွင် မတ်တပ်မရပ်ပါနှင့် (သို့မဟုတ်) အဝတ်လျှော်စက်ပေါ်တွင် (လျှော်ရမည့်အဝတ်များ၊ မီးထွန်းထားသော ဖယောင်းတိုင်များ၊ မီးညှိထားသော စီးကရက်များ၊ ပန်းကန်များ၊ ဓာတုပစ္စည်းများ၊ သတ္တုပစ္စည်းများစသည့်) အရာဝတ္ထုများကို မထားပါနှင့်။

- ၎င်းက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ မီးလောင်ခြင်း၊ စက်အတွင်း ပြဿနာများ (သို့မဟုတ်) ထိခိုက်ဒဏ်ရာ ဖြစ်စေနိုင်ပါသည်။

ပင်အပ်များ၊ ဓားများ၊ လက်သည်းစသည့် ချွန်ထက်သော အရာဝတ္ထုများ အသုံးပြုပြီး ခလုတ်များကို မနှိပ်ပါနှင့်။

- ၎င်းက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း (သို့မဟုတ်) ထိခိုက်ဒဏ်ရာ ဖြစ်စေနိုင်ပါသည်။

အလွန်အရေးကြီးသော သန့်ရှင်းရေးဆိုင်ရာ သတိပေးချက်များ

⚠ သတိပေးချက်

အဝတ်လျှော်စက်ပေါ်သို့ တိုက်ရိုက် ရေဖြန်း၍ သန့်ရှင်းရေး မလုပ်ပါနှင့်။

အက်စစ်ဓာတ်ပြင်းပြင်းပါဝင်သော သန့်ရှင်းရေးပစ္စည်းကို အသုံးမပြုပါနှင့်။

သန့်ရှင်းရေး မလုပ်မီ (သို့မဟုတ်) ထိန်းသိမ်းပြုပြင်ရေး မဆောင်ရွက်မီ အဝတ်လျှော်စက်ကို အိမ်နံနံပလတ်ပေါက်မှ ဖြုတ်ပါ။

- ထိုသို့ဆောင်ရွက်ဖို့ ပျက်ကွက်ခြင်းက ဓာတ်လိုက်ခြင်း သို့မဟုတ် မီးလောင်ခြင်းကို ဖြစ်စေနိုင်ပါသည်။


Untitled-9 12 2023-11-10 2:25:08

တပ်ဆင်ခြင်း

အဝတ်လျှော်စက်ကို ကောင်းမွန်စွာတပ်ဆင်ထားကြောင်း သေချာစေရန်နှင့် အဝတ်လျှော်သည့်အခါ မတော်တဆဖြစ်ခြင်းများကို တားဆီးရန် အဆိုပါလမ်းညွှန်ချက်များအား ဂရုတစိုက်ဖတ်ရှုပါ။

ပါဝင်သည့်အချက်များ

စက်အစိတ်အပိုင်းအားလုံးသည် အဝတ်လျှော်စက်ကို ထုပ်ပိုးထားသည့် ပုံးအတွင်း ပါဝင်ကြောင်း သေချာပါစေ။ အဝတ်လျှော်စက် (သို့မဟုတ်) စက်အစိတ်အပိုင်းများနှင့်ပတ်သက်ပြီး သင့်တွင် ပြဿနာရှိပါက ဒေသတွင်း Samsung ဈေးဝယ်သူ ဝန်ဆောင်မှုစင်တာ (သို့မဟုတ်) လက်လီအရောင်းဆိုင်သို့ ဆက်သွယ်ပါ။



01 အဖုံး
02 ပူဖောင်းကစ်
03 ဆပ်ပြာမှုန့်ထည့်အံဆွဲ

Untitled-9 13
2023-11-10 2:25:08

တပ်ဆင်ခြင်း

04 ချွတ်ဆေးထည့်သည့်အကန့်

05 ရေစစ်

06 အောက်ခြေညီညာစေရန် အခုအခံများ

07 ထိန်းချုပ်ခလုတ်စုံ

08 အမြန်ဖြန်းပက်မှု

09 ပါဝါကြိုး

10 ရေထုတ်ပိုက်

မှတ်ချက်

- အဖုံး- အဝတ်လျှော်စက် အသုံးပြုနေစဉ် အဖုံးကို ပိတ်ထားကြောင်း သေချာပါစေ။
- ရေစစ်- ၎င်းက အဝတ်လျှော်ဖွပ်နေချိန် စုပုံများပြားလာသည့် ချည်စချည်နများကို စုစည်းပေးပါသည်။
- အောက်ခြေညီညာစေရန် အခုအခံများ - အဝတ်လျှော်စက်ကို မြေပြင်ညီကြမ်းပြင်ပေါ် တွင် တပြေးညီထားရှိဖို့ စက်အောက်ခြေကို ချိန်ညှိပါ။

Untitled-9 14 2023-11-10 2:25:08

စက်တပ်ဆင်ရေး လိုအပ်ချက်များ

လျှပ်စစ်နှင့် မြေကြီးအတွင်း လျှပ်စီးပတ်လမ်းဖန်တီးခြင်း

⚠ သတိပေးချက်

- အဝတ်လျှော်စက်အတွက် သီးသန့်လျှပ်စီးပတ်လမ်းတစ်ခုကို အသုံးပြုပါ။
- လျှပ်စစ်ကြိုးခွေကို အသုံးမပြုပါနှင့်။
- အဝတ်လျှော်စက်နှင့်အတူပါလာသော ပါဝါမီးကြိုးကိုသာ အသုံးပြုပါ။
- မြေကြီးအတွင်းစိုက်ထားသည့် ဝါယာကြိုးကို ပလတ်စတစ် ရေပိုက်၊ ဂတ်စ်လိုင်းများ (သို့မဟုတ်) ရေယူပိုက်များနှင့် မချိတ်ဆက်ပါနှင့်။
- မြေစိုက်ကြိုးနှင့် သင့်လျော်စွာ ချိတ်ဆက်မထားသည့် လျှပ်ကူးပစ္စည်းများသည် ဓာတ်လိုက်စေနိုင်ပါသည်။

တပြေးညီထားရှိခြင်း

- စက်လိမ့်ကျခြင်း (သို့မဟုတ်) ဆူညံသံထွက်ခြင်းတို့ကို ကာကွယ်တားဆီးရန် ပလတ်ဖောင်း (သို့မဟုတ်) အုတ်ခဲများ မပါဝင်ဘဲ ပြင်ညီကြမ်းပြင်အမာပေါ်တွင် အဝတ်လျှော်စက်ကို တပ်ဆင်ပါ။
- အနီးဆုံး အိမ်နံရံတစ်ခုစီနှင့် 10 cm အကွာအဝေးတွင် အဝတ်လျှော်စက်ကို ထားပါ။

ရေသွယ်ခြင်း

- ရေပိုက်များကို အလွယ်တကူ လက်လှမ်းမီနိုင်အောင် သေချာဆောင်ရွက်ပါ။
- အဝတ်လျှော်စက်ကို အသုံးမပြုနေပါက ရေပိုက်ခေါင်းများကို ပိတ်ပါ။
- ရေပိုက်ခေါင်း တပ်ထားသည့်နေရာများတွင် ယိုစိမ့်မှုတစ်ခုခုရှိမရှိ ပုံမှန်စစ်ဆေးပါ။

ရေစွန့်ထုတ်ခြင်း

- ရေထုတ်ပိုက် ပိတ်မနေကြောင်း သေချာကြည့်ပါ။
- 90-100 cm ရှည်သည့် မတ်တတ်ရေဘုံပိုင်ကို အသုံးပြုဖို့ ကျွန်ုပ်တို့ အကြံပြုပါသည်။ ရေစွန့်ထုတ်ပိုက်သည် ပိုက်ခေါင်းကလစ်မှတစ်ဆင့် မတ်တတ်ရေဘုံပိုင်နှင့် ချိတ်ဆက်နေရပါမည်။ ထို့နောက် မတ်တတ်ရေဘုံပိုင်သည် ရေစွန့်ထုတ်ပိုက်နှင့် လုံးဝကွက်တိဖြစ်နေရပါမည်။ ဤနေရာတွင် ဖော်ပြထားသည့် မတ်တတ်ရေဘုံပိုင် အထူးသတ်မှတ်ချက်များမှာ ရေစုပ်ထုတ်စက် မော်ဒယ်အမျိုးအစားများအတွက်သာ အကျုံးဝင်ပါသည်။

Untitled-9 15 2023-11-10 2:25:08

တပ်ဆင်ခြင်း


တပ်ဆင်ပုံ အဆင့်ဆင့်

အဆင့် 1 တည်နေရာရွေးပါ

နေရာအတွက် လိုအပ်ချက်များ -

- လေဝင်လေထွက်ကို ပိတ်ဆို့နိုင်မည့် ကော်ဇော (သို့မဟုတ်) ကြမ်းခင်းမရှိသည့် မြေပြင်ညီ မျက်နှာပြင်အမာ
- နေရောင် တိုက်ရိုက် ကျရာနှင့် ဝေးရာ
- လေဝင်လေထွက်နှင့် ဝါယာကြိုးများအတွက် လုံလောက်သော နေရာ
- ပတ်ဝန်းကျင်ပူချိန်သည် ရေခဲမှတ် (0 °C) ထက် အမြဲတမ်းမြင့်ရပါမည်
- အပူရှိသည့်အရာနှင့် ဝေးရာတွင် ထားရှိရမည်

ကြွက်မဝင်အောင်ကာသည့်အကန့် (သက်ဆိုင်သောမော်ဒယ်များသာ)




ကြွက်ကဲ့သို့သော တိရစ္ဆာန်အကောင်လေးများ
စက်အတွင်း မဝင်နိုင်အောင်တားဆီးပေးသော
ကြွက်မဝင်အောင်ကာသည့်အကန့် သည် အဝတ်လျှော်စက်နှင့်
အတူပါလာပါသည်။
အဆိုပါအကန့်ကို စက်၏အောက်ခြေတွင် ထားရှိပါသည်။
အသုံးပြုရ အဆင်ပြေချောမွေ့စေရန် အောက်ခြေအရှေ့ပိုင်းကို
အပေါ် သို့ အနည်းငယ်မြှင့်ပေးပါ။


မှတ်ချက်

- အချို့မော်ဒယ်များတွင်
  အနောက်ဘက်အောက်ခြေဘက်တွင် ထည့်ရမည့်
  ကြွက်မဝင်အောင်ကာသည့်အကန့် ထည့်သွင်းပါဝင်ပါသည်။
  ဤမော်ဒယ်တွင်မူ စက်အောက်ခြေညီအောင်
  မည်မျှမီ ကြွက်မဝင်အောင်ကာသည့်အကန့် ကို
  ထည့်ရပါသည်။ အသုံးပြုရ အဆင်ပြေချောမွေ့စေရန်
  အောက်ခြေအနောက်ပိုင်းကို အပေါ် သို့
  အနည်းငယ်မြှင့်ပေးပါ။
- ကြွက်မဝင်အောင်ကာသည့်အကန့် ရရှိနိုင်မှုသည်
  မော်ဒယ်အပေါ်တွင် မူတည်ပါသည်။

Untitled-9 16 2023-11-10 2:25:08

အဆင့် 2 အောက်ခြေညီညာစေရန် ချိန်ညှိပါ





အဝတ်လျှော်စက်ကို ထုပ်ပိုးထားသည့် ပုံးကို ဖွင့်ပါ။

1. အဝတ်လျှော်စက်ကို နေရာတကျ ညင်ညင်သာသာ လျှောချပါ။ အလွန်အကျွံ အားထည့်ခြင်းက မျက်နှာပြင်ညှိသည့်ထောက်များ (A) ကို ပျက်စီးစေနိုင်ပါသည်။
2. အောက်ခြေညီညာစေရန် အခုအခံများကို လက်ဖြင့်ကိုယ်တိုင် ချိန်ညှိခြင်းအားဖြင့် အဝတ်လျှော်စက်ကို တပြေးညီထားရှိပါ။
3. အောက်ခြေညီညာအောင် ချိန်ညှိမှု ပြီးစီးသောအခါ မူလီခေါင်းများ (B) ပေးထားပါက (တချို့မော်ဒယ်များတွင် မူလီခေါင်းများ မပါဝင်နိုင်ပါ) အဆိုပါမူလီခေါင်းများကို တင်းကျပ်အောင်တပ်ပါ။

⚠ သတိပေးချက်

စက်ထုပ်ပိုးသည့်ပစ္စည်းများသည် ကလေးငယ်များအတွက် အန္တရာယ်ဖြစ်နိုင်ပါသည်။ (ပလတ်စတစ်အိတ်များ၊ ပေါ်လီစတိုင်ရင်းဖောဲ့များစသော) စက်ထုပ်ပိုးသည့်ပစ္စည်းကို ကလေးများ လက်လှမ်းမမီသည့်နေရာတွင် ထားပါ။


Untitled-9 17 2023-11-10 2:25:09

တပ်ဆင်ခြင်း


အဆင့် 3 ရေပိုက်ကို ချိတ်ဆက်ပါ

ပေးထားသောရေပိုက်သည် မော်ဒယ်ကိုလိုက်၍ ကွဲပြားနိုင်ပါသည်။ ပေးထားသောရေပိုက်ခေါင်းနှင့်စပ်လျဉ်းသည့် လမ်းညွှန်ချက်ကို လိုက်နာပေးပါ။


ဝက်အူရစ်ပါသော ဘုံပိုင်ခေါင်းနှင့် ချိတ်ဆက်ခြင်း (သက်ဆိုင်သောမော်ဒယ်များသာ)



1. ရေပိုက်ကို ဘုံပိုင်ခေါင်းနှင့် ချိတ်ဆက်ပြီးနောက် ချိတ်ဆက်ကိရိယာကို ပုံပါအတိုင်း လက်ယာရစ်လှည့်ပါ။



2. ရေပိုက်၏ အခြားတစ်ဖက်ကို အဝတ်လျှော်စက်နောက်ဘက်ရှိ ရေဝင်ပေါက် ဟားဆလုတ်နှင့် ချိတ်ဆက်ပါ။ ကျပ်နေအောင်တပ်ဖို့ ရေပိုက်ကို လက်ယာရစ်အတိုင်း လှည့်ပါ။



3. ရေပိုက်ခေါင်းကို ဖွင့်ပြီး ချိတ်ဆက်ထားသည့်နေရာများတွင် ရေယိုစိမ့်မှုတစ်ခုခုရှိမရှိ စစ်ကြည့်ပါ။ ရေယိုစိမ့်မှုများ ရှိပါက အထက်ပါအဆင့်များကို ထပ်မံ လုပ်ဆောင်ပါ။

Untitled-9 18 2023-11-10 2:25:09


⚠ သတိပေးချက်

ရေစိမ့်ထွက်ပါက အဝတ်လျှော်စက် အသုံးပြုခြင်းကို ရပ်လိုက်ပြီး လျှပ်စစ်ပလတ်ပေါက်မှ ဖြုတ်ပါ။ ထို့နောက် ရေပိုက်မှ ယိုစိမ့်မှု ဖြစ်လျှင် ဒေသတွင်း Samsung ဝန်ဆောင်မှုစင်တာထံ ဆက်သွယ်ပါ သို့မဟုတ် ရေပိုက်ခေါင်းမှ ယိုစိမ့်မှု ဖြစ်လျှင် ပိုက်ပြင်ကျွမ်းကျင်သူထံ ဆက်သွယ်ပါ။ ထိုသို့မဟုတ်ပါက ၎င်းက လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းကို ဖြစ်စေနိုင်ပါသည်။


⚠ သတိ

ရေပိုက်ကို အားဖြင့် မဆွဲပါနှင့်။ ရေပိုက်သည် အရမ်းတိုနေပါက ပိုရှည်ပြီး ရေဖိအားများသည့် ရေပိုက်နှင့် အစားထိုးပါ။


အရစ်မပါသော ရေဘုံပိုင်နှင့် ချိတ်ဆက်ခြင်း (သက်ဆိုင်သောမော်ဒယ်များသာ)



1. အဒက်တာ (A) ကို ရေပိုက် (B) မှ ဖယ်ရှားပါ။




2. အဒက်တာတွင်ရှိသည့် ဝက်အူလေးခုကို ဖြုတ်ရန် Phillips ဝက်အူလှည့်တံကို အသုံးပြုပါ။




3. အဆိုပါ အဒက်တာကို ကိုင်ထားပြီး အစိတ်အပိုင်း (C) ကို 5 mm (*) ခန့် ချောင်စေရန် မြားပြထားသည့်အတိုင်း လှည့်ပါ။

Untitled-9 19 2023-11-10 2:25:09

တပ်ဆင်ခြင်း



4. အဒက်တာကို ရေပိုက်ခေါင်းပေါ်တွင် ထည့်ပါ။ ပြီးနောက် အဒက်တာကို မြှင့်ထားစဉ် ဝက်အူများကို ကျပ်နေအောင်တပ်ပါ။
5. အစိတ်အပိုင်း (C) ကို ကျပ်နေစေဖို့ မြားပြထားသည့်အတိုင်း လှည့်ပါ။



6. ရေပိုက်ပေါ်ရှိ အစိတ်အပိုင်း (D) ကို ဆွဲဖိချထားစဉ် ရေပိုက်ကို အဒက်တာနှင့် ချိတ်ဆက်ပါ။ ထို့နောက် အစိတ်အပိုင်း (D) ကို လွှတ်လိုက်ပါ။ ရေပိုက်ကို ကလစ်အသံမြည်သည်အထိ အဒက်တာအတွင်း ကွက်တိချိတ်ဆက်ပါ။


7. ရေပိုက်ကို ချိတ်ဆက်မှုအား အပြီးသတ်ရန် "ဝက်အူရစ်ပါသော ဘုံပိုင်ခေါင်းနှင့် ချိတ်ဆက်ခြင်း (သက်ဆိုင်သောမော်ဒယ်များသာ)" အပိုင်းရှိ 2 နှင့် 3 ကို ကြည့်ပါ။

မှတ်ချက်

- ရေပိုက်ကို အဒက်တာနှင့် ချိတ်ဆက်ပြီးနောက် အဆိုပါရေပိုက်ကို အောက်ဘက်သို့ ဆွဲချခြင်းဖြင့် မှန်မှန်ကန်ကန် ချိတ်ဆက်ထားခြင်းရှိမရှိ စစ်ကြည့်ပါ။
- အသုံးများသော ရေပိုက်ခေါင်း အမျိုးအစားကို အသုံးပြုပါ။ ရေပိုက်ခေါင်းသည် လေးထောင်ပုံ (သို့မဟုတ်) အလွန်ကြီးနေပါက အဆိုပါရေပိုက်ခေါင်းကို အဒက်တာအတွင်း မထည့်မိ ဝါရှာပြားကို ဖယ်ရှားပါ။


Untitled-9 20 2023-11-10 2:25:10

ရေပူဝင်ပေါက် အပိုပါသည့် အမျိုးအစားများအတွက်-




1. ရေပူပိုက်၏ အနီရောင် အပိုင်းကို အဝတ်လျှော်စက် ရေပူဝင်ပေါက်နှင့် ချိတ်ဆက်ပါ။
2. ရေပူပိုက်၏ အခြားတစ်ဖက်ကို ရေပူပိုက်ခေါင်းနှင့် ချိတ်ဆက်ပါ။

အဆင့် 4 ရေထုတ်ပိုက်ကို နေရာချခြင်း



အထွေထွေ အမျိုးအစား


1. ချိတ်ဆက်အကွင်းကို ဖိချထားပြီးနောက် ရေစွန့်ထုတ်ပိုက်တွင် စွပ်ပါ။



2. ရေစွန့်ထုတ်ပိုက်ကို ရေထွက်ပေါက်အတွင်း ထည့်ပါ။ ချိတ်ဆက်အကွင်းကို အသုံးပြု၍ ၎င်းတို့ကို မြဲမြံစွာ ချိတ်ဆက်ဖို့ သေချာဆောင်ရွက်ပါ။ ရေစွန့်ထုတ်ပိုက်ကို ဆက်လို့ရပါသည်။ လိုအပ်သလို ရေစွန့်ထုတ်ပိုက်၏ အရှည်ကို ချိန်ညှိပါ။

Untitled-9 21 2023-11-10 2:25:10

တပ်ဆင်ခြင်း




ရေစုပ်ထုတ်နည်းဖြင့် အမျိုးအစား (သက်ဆိုင်ရာ မော်ဒယ်များတွင်သာ)


1. ရေပိုက်အဖုံး (A) ကို ဖွင့်ပြီး ရေစွန့်ထုတ်ပိုက်ကို ထည့်ပါ။ ချိတ်ဆက်အကွင်းကို အသုံးပြုပြီး ရေစွန့်ထုတ်ပိုက်ကို ကျပ်နေအောင်တပ်ပါ။

မှတ်ချက်

- ရေပြွန်ရေပိုက်၏ အနေအထား (ဘေးဘက် သို့မဟုတ် အနောက်ဘက်) သည် မော်ဒယ်အပေါ်တွင် မူတည်ပါသည်။
- ရေပြွန်ရေပိုက်အဖုံး ရရှိနိုင်မှုမှာ မော်ဒယ်အပေါ်တွင် မူတည်ပါသည်။



2. ကြမ်းပြင်ပေါ်မှ 90-100 cm (*) အရှည် နေရာချထားသော မတ်တတ်ရောဂုံပိုင် (သို့မဟုတ်) လက်ဆေးကန်နှင့် ရေစွန့်ထုတ်ပိုက်၏ အခြားတစ်ဖက်ကို ချိတ်ဆက်ပါ။




⚠ သတိပေးချက်

ရေစွန့်ထုတ်ပိုက်၏ အစွန်းတစ်ဖက်မှာ ရေထဲနစ်မြုပ်မနေစေဖို့ သေချာဆောင်ရွက်ပါ။ ထိုသို့မဟုတ်ပါက အဝတ်လျှော်စက်သည် ပြင်းပြင်းထန်ထန် ပျက်စီးနိုင်ပါသည်။

⚠ သတိ

- ရေပိုက်ဆက်ရာတွင် စုစုပေါင်းအရှည်မှာ 3 m (*) ထက် မကျော်လွန်ရပါ။
- ကြမ်းပြင်မှ 5 cm (**) (သို့မဟုတ်) ထိုထက်ပိုပြီး ပြူထွက်နေသော တံခါးဘောင်များကို ရေစွန့်ထုတ်ပိုက်က တွန်းတိုက်မသွားအောင်လုပ်ပါ။

Untitled-9 22 2023-11-10 2:25:11



⚠ သတိ

အဝတ်လျှော်စက် အောက်ခြေတွင် ရေစွန့်ထုတ်ပိုက်ကို မဖွင့်ပါနှင့်။

အဆင့် 5 ပါဝါဖွင့်ခြင်း

ဖျူးစ် သို့မဟုတ် ဆားကစ်ဘရိတ်ကာဖြင့် ကာကွယ်ထားသော အိမ်နံရံပလတ်ပေါက်အတွင်း ပါဝါမီးကြိုးကို ပလတ်ထိုးပါ။ ထို့နောက် အဝတ်လျှော်စက်ကို ဖွင့်ရန် ပါဝါ ကို နှိပ်ပါ။

အဆင့် 6 စံချိန်ကိုက်ညှိခြင်းမုဒ်

သင်၏ Samsung အဝတ်လျှော်စက်သည် အဝတ်အထည်အလေးချိန်ကို အလိုအလျောက်ထောက်လှမ်းပါသည်။ ပိုမိုတိကျသော အလေးချိန်ထောက်လှမ်းမှုအတွက်၊ တပ်ဆင်ပြီးနောက် စံချိန်ကိုက်ညှိခြင်းမုဒ်ကို လုပ်ကြည့်ပါ။

စံချိန်ကိုက်ညှိခြင်းမုဒ်ကိုလုပ်ရန်၊ အဆိုပါအဆင့်များကို လိုက်နာပါ-


1. စက်ရှိ အဝတ်အထည် သို့မဟုတ် တစ်စုံတစ်ရာကို ဖယ်ရှားပါ။
2. ပါဝါပွင့်လာသည့်အခါ Water Level (ရေပမာဏ) နှင့် Delay End (နွေ့ဆိုင်းအဆုံးသတ်ခြင်း) တို့ကို အနည်းဆုံး 3 စက္ကန့်ကြာအောင် တစ်ချိန်တည်း ဖိကာနှိပ်ပါ။
3. စံချိန်ကိုက်ညှိခြင်းမုဒ်ကို ဖွင့်ရန် စတင်ပါ/ခေတ္တရပ်ပါ ကိုနှိပ်ပါ။
4. တုန်ခါစက်သည် ခန့်မှန်းခြေ 1 မိနစ်ကြာအောင် လက်ယာရစ်နှင့် လက်ဝဲရစ် လည်ပတ်ပါသည်။
5. စံချိန်ကိုက်ညှိခြင်းမုဒ်ပြီးသွားသည့်အခါ၊ ဖန်သားပြင်တွင် "0" ပေါ်လာမည်ဖြစ်ပြီး အဝတ်လျှော်စက်မှာ အလိုအလျောက် ပိတ်သွားမည်ဖြစ်ပါသည်။ ယခုဆိုလျှင် အဝတ်လျှော်စက်မှာ သုံးရန်အသင့်ဖြစ်နေပါပြီ။

Untitled-9 23 2023-11-10 2:25:11

သင် စတင်မသုံးမီ

ဆပ်ပြာမှုန့်နှင့်ဆိုင်သော လမ်းညွှန်ချက်များ

အဝတ်လျှော်စက်သည် ဆပ်ပြာမှုန့်နှင့် အဝတ်ပျော့ဆေးရည်အတွက် အကန့်နှစ်ကန့် ပါရှိပါသည်။ ချွတ်ဆေးအကန့်သည် စည်ပိုင်း၏ဘယ်ဘက်ခြမ်းတွင် တည်ရှိပါသည်။




- ပူဖောင်းကစ် (A) ပါရှိသော ဆပ်ပြာမှုန့်ထည့်သည့်အကန့်-အကန့်ထဲသို့ အကြံပြုထားသော ဆပ်ပြာပမာဏ (အရည်သို့မဟုတ် အမှုန့်) ကို ထည့်ပါ။
- ပျော့ဆေးအကန့် (B)- အဝတ်ပျော့ဆေးရည်အကန့်တွင် အကြံပြုထားသော အဝတ်ပျော့ဆေးရည်ပမာဏကို ထည့်ပါ။
- ချွတ်ဆေးထည့်သည့်အကန့် (C)- ထုတ်လုပ်သူမှလမ်းညွှန်ထားသည့်အတိုင်း ကလိုရင်းမပါသောချွတ်ဆေးကို ထည့်ပါ။

မှတ်ချက်

- ချွတ်ဆေးအကန့်တွင်းသို့ အရောင်မကျွတ်သောချွတ်ဆေးကို မထည့်ပါနှင့်။
- အဝတ်ပျော့ဆေးအကန့်ကို အရည်အဝတ်ပျော့ဆေးများအတွက်သာ သုံးပါ။

ဆပ်ပြာများသုံးရန်




1. အဖုံးကိုဖွင့်ပါ။
2. ဆပ်ပြာမှုန့်အံဆွဲကို ရှာပြီး ဆွဲယူဖွင့်လိုက်ပါ။
3. ဆပ်ပြာမှုန့်ထည့်သည့်အကန့်ထဲသို့ ဆပ်ပြာ (အရည်သို့မဟုတ် အမှုန့်) ကို ထည့်ပါ။


မှတ်ချက်

- သင်သည် ဆပ်ပြာမှုန့်ထည့်သည့်အကန့်ထဲသို့ ဆပ်ပြာ (အရည် သို့မဟုတ် အမှုန့်) ကို ထည့်သည့်အခါ ပူဖောင်းကစ် (A) ပေါ်ရှိ အများဆုံးလိုင်းကို မကျော်ပါနှင့်။
- သင့်အဝတ်အထည်များအတွက် လိုအပ်သော ဆပ်ပြာမှုန့်ပမာဏသည် ပူဖောင်းကစ် ၏ အများဆုံးလိုင်းကို ကျော်လွန်သွားပါက သင်သည် ပူဖောင်းကစ် ကို ဖယ်ရှားကာ ဆပ်ပြာမှုန့်ကို ထပ်ထည့်နိုင်ပါသည်။

Untitled-9 24 2023-11-10 2:25:11



4. အဝတ်ပျော့ဆေးရည်အကန့်တွင် အကြံပြုထားသော အဝတ်ပျော့ဆေးရည်ပမာဏကို ထည့်ပါ။



5. ချွတ်ဆေးအကန့်ထဲသို့ အကြံပေးထားသော ကလိုရင်းမပါသည့်ချွတ်ဆေးပမာဏကို ထည့်ပါ။

မှတ်ချက်

သန့်စင်ရေးပစ္စည်းများကိုသုံးသည့်အခါ အများဆုံးလိုင်းကို မကျော်ပါစေနှင့်။

⚠ သတိ

အဝတ်အထည်ပေါ် သို့ သို့မဟုတ် စည်ပိုင်းထဲသို့ ရောမထားသော ကလိုရင်းချွတ်ဆေးအရည်ကို တိုက်ရိုက်လောင်းမထည့်ပါနှင့်။ ၎င်းသည် အဝတ်အထည်ကို ထိခိုက်ပျက်စီးနိုင်ပါသည်။

မှတ်ချက်

- အစီအစဉ်အဆုံးတွင် ဆပ်ပြာအကန့်များထဲ၌ ရေအနည်းငယ်ကျန်နေသည်မှာ ပုံမှန်ဖြစ်ပါသည်။
- အရောင်မကျွတ်သောချွတ်ဆေးကိုထည့်သည့်အခါ၊ ဆပ်ပြာရေကိုသုံးရန် အကြံပြုထားပါသည်။
- အလွန်ပျစ်သောအရည်သည် ရေနှင့်ကောင်းမွန်စွာမရောနှောင်သောကြောင့် အလွန်ပျစ်သော အဝတ်ပျော့ဆေးအရည်ကို မသုံးပါနှင့်။

Untitled-9 25 2023-11-10 2:25:11

သင် စတင်မသုံးမီ

Smart Check (အဆင့်မြင့် စစ်ဆေးမှု)

ဤလုပ်ဆောင်ချက်ကို ဖွင့်ရန် သင့်အနေဖြင့် Play Store သို့မဟုတ် Apple Store တွင် Samsung Smart Washer အက်ပ်ကို ပထမဦးစွာ ဒေါင်းလုတ်ဆွဲရမည်ဖြစ်ပြီး ကင်မရာလုပ်ဆောင်ချက် ထည့်သွင်းပါဝင်သည့် မိုဘိုင်းဖုန်းတွင် အဆိုပါအက်ပ်ကို ထည့်ရပါမည်။

Smart Check (အဆင့်မြင့် စစ်ဆေးမှု) လုပ်ဆောင်ချက်ကို Galaxy နှင့် iPhone ဖုန်းစီးရီး (သက်ဆိုင်ရာမော်ဒယ်များသာ) အတွက် အကောင်းဆုံးချိန်ညှိပြီး ဖြစ်ပါသည်။

1. Smart Check (အဆင့်မြင့် စစ်ဆေးမှု) စနစ်သို့ ဝင်ရောက်ရန် Wash (လျှော်ဖွပ်မှု) နှင့် Rinse (ရေလျှော်မည်) ကို 3 စက္ကန့်ခန့် တစ်ပြိုင်နက် ဖိပြီးနှိပ်ထားပါ။
2. အဝတ်လျှော်စက်သည် ကိုယ်တိုင် ချွတ်ယွင်းချက်ရှာဖွေရေး လုပ်ထုံးလုပ်နည်းကို စတင်လုပ်ဆောင်ပြီး ပြဿနာတစ်ခုရှာတွေ့ပါက အချက်အလက်ကုဒ်ကို ပြပါမည်။
3. သင့်မိုဘိုင်းကိရိယာတွင် Samsung Smart Washer အက်ပ်ကို ဖွင့်ပြီး Smart Check (အဆင့်မြင့် စစ်ဆေးမှု) ကို နှိပ်ပါ။
4. မိုဘိုင်းဖုန်းနှင့် အဝတ်လျှော်စက်သည် မျက်နှာချင်းဆိုင်ဖြစ်နေစေဖို့ မိုဘိုင်းဖုန်းကို အဝတ်လျှော်စက်၏ ဖန်သားပြင်အနီးတွင် ထားပါ။ ထို့နောက်၊ အချက်အလက်ကုဒ်ကို အက်ပ်မှ အလိုအလျောက် သတိပြုမိပါလိမ့်မည်။
5. အချက်အလက်ကုဒ်ကို မှန်မှန်ကန်ကန် သတိပြုမိသောအခါ၊ အက်ပ်မှ သက်ဆိုင်ရာ ဖြေရှင်းနည်းများနှင့်အတူ ထိုပြဿနာနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်ကို ပေးပါလိမ့်မည်။

မှတ်ချက်

- ဘာသာစကားအပေါ် မူတည်ပြီး Smart Check (အဆင့်မြင့် စစ်ဆေးမှု) ဆိုသည့် လုပ်ဆောင်ချက်အမည်မှာ ကွဲပြားနိုင်ပါသည်။
- အဝတ်လျှော်စက်ဖန်သားပြင်ပေါ်တွင် အလင်းမီး ခပ်ပြင်းပြင်းထင်ဟပ်ပါက၊ အက်ပ်သည် အချက်အလက်ကုဒ်ကို သတိမပြုမိနိုင်ပါ။
- အက်ပ်သည် Smart Check (အဆင့်မြင့် စစ်ဆေးမှု) ကုဒ်ကို အသိအမှတ်ပြုခြင်း ဆက်တိုက်မအောင်မြင်ပါက အက်ပ်ဖန်သားပြင်ပေါ်သို့ အချက်အလက်ကုဒ်ကို ကိုယ်တိုင်ထည့်သွင်းပါ။

Untitled-9 26 2023-11-10 2:25:11

လျှော်ဖွပ်ရေး လမ်းညွှန်ချက်များ

စစ်ဆေးရန်နေရာများ

- အစွန်းအထင်းများ (သို့မဟုတ်) အညစ်အကြေးကို စစ်ကြည့်ပါ။ ဆပ်ပြာမှုန့်အနည်းငယ်ကို အဖြူရောင်ပဝါတွင် ဖြူးလိုက်ပါ။ အညစ်အကြေး (သို့မဟုတ်) အစွန်းအထင်းအရောင်မှာ အဖြူရောင်ပဝါပေါ် ပြောင်းသွားစေရန် အဆိုပါပဝါနှင့် ညစ်ပေသော အဝတ်အစားများကို အတူပွတ်လိုက်ပါ။
- အဝတ်မလျှော်မီ အင်္ကျီလက်များ၊ ကော်လံများ၊ ခေါက်ချုပ်ထားသောနေရာများနှင့် အိတ်ကပ်များကို ဆပ်ပြာမှုန့်နှင့် ဘရပ်ရှ်တိုက်ခြင်းဖြင့် ကြိုတင်လျှော်ထားပါ။
- သိုးမွေးနှင့်လုပ်ထားသည့် တွန့်ကြေဒဏ်ခံနိုင်သော အဝတ်အစားများကို မလျှော်ဖွပ်မီ ချည်မျှင်များဖြင့် ချည်နှောင်ပြီး အထူးတလည် လျှော်ဖွပ်ရပါမည်။ လျှော်ဖွပ်ကာ အဝတ်ခြောက်ပြီးနောက် ချည်မျှင်များကို ဖယ်ရှားပါ။

⚠ သတိ

- စည်ပိုင်းအတွင်း ဓောင်ထည်များကို မထည့်ပါနှင့် (သို့မဟုတ်) မထားပါနှင့်။
- အဝတ်လျှော်စက်အတွင်း (သို့မဟုတ်) စက်အပေါ်တွင် ဖယောင်းတိုင်များ (သို့မဟုတ်) အပူရှိသည့်အရာကို မထားပါနှင့်။
- ဤအဝတ်အစားများကို မလျှော်ဖွပ်ပါနှင့်-
  - နက်ကတိုင်များ၊ ဘရာဇီယာများ၊ ဂျက်ကတ်အင်္ကျီများ၊ အနောက်တိုင်းဝတ်စုံများနှင့် ကုတ်အင်္ကျီများတွင် အဝတ်စကျုံခြင်း (သို့မဟုတ်) အရောင်စွန်းခြင်းဖြင့် အလွယ်တကူ ပုံပျက်နိုင်ပါသည်။ ဤအဝတ်အစားများကို ပိုးတု၊ ပေါ်လီနိုးဆစ်၊ အင်္ကျီလက်အနားခေါက် နှင့်/သို့မဟုတ် ရောစပ်ချည်မျှင် အထည်သားဖြင့် အဓိက ဖန်တီးချုပ်လုပ်ထားပါသည်။
  - အကြေသား၊ ဖောင်းကြွသော (သို့မဟုတ်) ကော်နှင့် ပုံသွင်းထားသော အဝတ်အစားများမှာ ရေထဲနှစ်လိုက်ရုံဖြင့် အလွယ်တကူ ပုံပျက်သွားနိုင်ပါသည်။
  - ချည်သား၊ သိုးမွေးသား၊ တွန့်ကြေသည့် ပိုးထည်၊ သားရေထည်နှင့် တွဲဖက်ပစ္စည်းများဖြင့် လုပ်ထားသည့် အလွယ်တကူ အရောင်ကျတ်သည့် အဝတ်အစားများအပြင် သားရေ တန်ဆာဆင်ထားသော အဝတ်အစားများနှင့် တွဲဖက်ပစ္စည်းများ။
  - ရေစိုခံ အိပ်ရာခင်းများ၊ မွေ့ယာများ (သို့မဟုတ်) သိုးမွေးဂွမ်းကပ်အိပ်ရာဖုံးများ၊ မိုးကာများ၊ ငါးမျှားထွက် ဂျက်ကတ်အင်္ကျီများနှင့် ဘောင်းဘီရှည်များ၊ နှင်းလျှောစီးအဝတ်အစား၊ ခေါက်သိမ်းနိုင်သော ခရီးဆောင် အိပ်ရာများ၊ သေးဝမ်းခံအထည်များ၊ ခွေးစိုခံအားကစားဝတ်စုံများ၊ မော်တော်ကားများ၊ စက်ဘီးများနှင့် မော်တော်ဆိုင်ကယ်ဖုံး မိုးကာများ၊ ရေချိုးခန်းသုံး အခင်းများနှင့် အခြားသော ရေစိုခံပစ္စည်းများ။

Untitled-9 27 2023-11-10 2:25:12

သင် စတင်မသုံးမီ

အဆင့် 1 စီပါ

ဤစံသတ်မှတ်ချက်များအရ လျှော်ဖွပ်ရမည့် အဝတ်အစားကို မျိုးတူခွဲပါ -

- သတိပြုရမည့် အမှတ်အသား - လျှော်ဖွပ်ရမည့် အဝတ်အစားကို ချည်သား၊ ရောစပ်ချည်ထည် အမျိုးအစား၊ ဓာတုပစ္စည်းသုံး အထည်များ၊ ပိုးသား၊ သိုးမွေးနှင့် ပိုးတုဟူ၍ မျိုးတူခွဲခြားပါ။
- အရောင်- အဖြူရောင်နှင့် အခြားအရောင်များကို ခွဲခြားပါ။
- အရွယ်အစား - အရွယ်အစားမတူညီသည့် အဝတ်အစားများကို စည်ပိုင်းအတွင်း အတူရောထားခြင်းက လျှော်ဖွပ်သည့် လုပ်ဆောင်ချက်ကို ပိုကောင်းစေပါသည်။
- ထိခိုက်ပျက်စီးလွယ်ခြင်း - ဖြူစင်သည့် အဝတ်အစား၊ သိုမွေးထည်အသစ်များ၊ လိုက်ကာများနှင့် ပိုးထည်များကဲ့သို့သော နူးညံ့သည့် အဝတ်အစားများ၏ အတွင်းတံဆိပ်တွင် ဖော်ပြထားသည့် အထူးသတိပြုရမည့် လမ်းညွှန်ချက်များကို လိုက်နာပါ။

မှတ်ချက်

အဝတ်အစားပေါ်တွင်ရှိသည့် သတိပြုရမည့် အမှတ်အသားကို သေချာစစ်ကြည့်ပြီး စတင်မလျှော်ဖွပ်မီ ၎င်းတို့ကို သင့်တော်သလို မျိုးတူခွဲပါ။

အဆင့် 2 အိတ်ကပ်များထဲတွင် ဘာမှမရှိပါစေနှင့်

လျှော်ဖွပ်ရမည့် သင့်အဝတ်အစားများ၏ အိတ်ကပ်အားလုံးထဲမှ ပစ္စည်းများကို ထုတ်ပြီး အညစ်အကြေး နှင့်/သို့မဟုတ် မြေမှုန်များကို ဖယ်ရှားပစ်ပါ။

- ဒင်္ဂါးပြားများ၊ ပင်အပ်များနှင့် အဝတ်အစားပေါ်ရှိ ခါးပတ်ခေါင်းများကဲ့သို့သော သတ္တုအရာဝတ္ထုများက လျှော်ဖွပ်သည့် အခြားအဝတ်အစားများအပြင် စည်ပိုင်းကိုလည်း ပျက်စီးစေနိုင်ပါသည်။
- ကြယ်သီးပါသည့်အထည်များနှင့် ပန်းထိုးထည်များကို ပြောင်းပြန်လှန်ပါ။
- အဝတ်လျှော်နေစဉ် ဘောင်းဘီ (သို့မဟုတ်) ဂျက်ကတ်ဖစ်များ ပွင့်နေပါက ကန် ပျက်စီးနိုင်ပါသည်။
- ဇစ်များကို ပိတ်ထားပြီး ကြိုးနှင့် ချည်ထားသင့်ပါသည်။
- ကြိုးအရှည်များပါဝင်သည့် အဝတ်အစားမှာ အခြားအဝတ်များနှင့် ရစ်ပတ်ငြိလာနိုင်ပါသည်။ မလျှော်ဖွပ်မီ အဆိုပါကြိုးများကို သေချာချည်ထားပါ။

Untitled-9 28 2023-11-10 2:25:12

အဆင့် 3 အဝတ်လျှော်ပိုက်ကွန်အိတ်ကို အသုံးပြုပါ သို့မဟုတ် အချို့အဝတ်အစားများကို သီးခြားလျှော်ဖွတ်ပါ

- (ရေနှင့် လျှော်ဖွပ်လို့ရသည့်) ဘရာစီယာများကို အဝတ်လျှော်ပိုက်ကွန်အိတ်အတွင်း ထည့်ထားရပါမည်။ ဘရာစီယာများ၏ သတ္တုအစိတ်အပိုင်းများက လျှော်ဖွပ်ရမည့် အခြားအဝတ်အစားများကို စုတ်ဖြန်ိင်ပါသည်။
- ချည်ခင်အပျော့ထည်၊ ကြီးမားသော အဝတ်အစားပမာဏနှင့် ပေါ့ပါးသည့် အဝတ်အစားများ (ဇာပန်းထည်များ၊ အမျိုးသမီးအတွင်းခံ၊ နိုင်လွန်ခြေအိတ်ရှည်နှင့် လူလုပ်ဓာတုသုံး အထည်များ) သည် လျှော်ဖွပ်နေစဉ် ရေပေါ်တွင် ပေါလောပေါ နေနိုင်ပြီး စက်ကို ပြဿနာများ ဖြစ်စေနိုင်ပါသည်။ အဝတ်လျှော်ပိုက်ကွန်အိတ်ကို အသုံးပြုပါ (သို့မဟုတ်) ထိုအဝတ်အစားများကို သီးခြားလျှော်ဖွပ်ပါ။
- အခြားလျှော်စရာအဝတ်များ မပါဘဲ အဝတ်လျှော်ပိုက်ကွန်အိတ်ချည်းသက်သက် မလျှော်ပါနှင့်။ ၎င်းက အဝတ်လျှော်စက်ကို လှုပ်ရှားစေနိုင်သည့် ပုံမှန်မဟုတ်သော တုန်ခါမှုများကို ဖြစ်စေနိုင်ပြီး ထိခိုက်ဒဏ်ရာ ရရှိစေနိုင်ပါသည်။

⚠ သတိ

အဝတ်လျှော်ဖွပ်ရေး စက်ဝန်းကို မလည်ပတ်မီ (ဆောင်များနှင့် ချည်ထည် သို့မဟုတ် မိုက်ခရိုဖိုင်ဘာ ဂွမ်းထည်အိပ်ရာဖုံးများကဲ့သို့သော) ဖောင်းပွနိုင်သည့် အဝတ်အစားများကို ရေထဲ သေချာနှစ်စိမ်ပါ။


- ဖောင်းပွနိုင်သည့် အဝတ်အစားများက လျှော်ဖွပ်နေစဉ်အတွင်း (သို့မဟုတ်) အဝတ်အခြောက်ခံစဉ်အတွင်း လျှော်ဖွပ်ရမည့်အဝတ်အစား (သို့မဟုတ်) စက်ကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။
- အရွယ်အစားကို ပမာနမထားဘဲ တစ်ကြိမ်လျှင် တစ်ထည်နှုန်းဖြင့် ဆောင်များ (သို့မဟုတ်) ဂွမ်းကပ်အိပ်ရာဖုံးများကို လျှော်ဖွပ်ခြင်းက ပိုမိုဘေးကင်းစိတ်ချရပြီး ပိုမိုသန့်ရှင်းစင်ကြယ်စေပါသည်။ ပမာဏအတူသည့် အရွယ်အစား မတူညီသော ဆောင်နှစ်ထည်က ဟန်ချက်မညီသည့် ပမာဏကြောင့် အထည်အခြောက်ခံသည့်လုပ်ငန်းစဉ်ကို ထိခိုက်စေနိုင်ပါသည်။

Untitled-9 29 2023-11-10 2:25:12

သင် စတင်မသုံးမီ

စောင်ကို ထည့်ရန်

ပြထားသည့်အတိုင်း စောင်ကို ခေါက်ပါ။ ထို့နောက် စည်ပိုင်းအတွင်း မထည့်မီ စည်ပိုင်း၏ ပလတ်စတစ်နှင့်လုပ်ထားသော အပိုင်း (A) တွင် ၎င်းကို ထားပါ။



Untitled-9 30 2023-11-10 2:25:12

အဆင့် 4 ကြိုတင်လျှော်ပါ (လိုအပ်ပါက)

- ကော်လံများ၊ အင်္ကျီလက်များ၊ ခေါက်ချုပ်ထားသောနေရာများနှင့် အိတ်ကပ်များပေါ်ရှိ အစွန်းအထင်းများနှင့် အညစ်အကြေးကို ဖယ်ရှားရန် ဆပ်ပြာမှုန့် အနည်းငယ်ဖြူးပြီး ဘရပ်ရှ်နှင့် တိုက်ပါ။
- ဆပ်ပြာမှုန့် (သို့မဟုတ်) ဆပ်ပြာမှုန့် အရည်ကို အသုံးပြုပါ။ ဆပ်ပြာက လျှော်ဖွပ်ပြီးနောက် စည်ပိုင်းအတွင်း ကျန်ခဲ့နိုင်သောကြောင့် ၎င်းကို မသုံးပါနှင့်။
- ခြေအိတ်အဖြူများ၊ အင်္ကျီလက်များ၊ ကော်လံများကို ဆပ်ပြာမှုန့်အနည်းငယ်နှင့် ဘရပ်ရှ်သုံးပြီး ကနဦးလျှော်ဖွပ်ပါ။

⚠ သတိ

လျှော်ဖွပ်ရမည့်အဝတ်အစားကို လုံးဝထည့်ထားပြီးဖြစ်ကြောင်း သေချာပါစေ။

- လျှော်ဖွပ်ရမည့်အဝတ်အစား အစတစ်ခုခုထွက်နေပါက အဝတ်လျှော်စက် (သို့မဟုတ်) ထိုအဝတ်အစားကိုပင် ပျက်စီးစေနိုင်ပါသည် (သို့မဟုတ်) ရေယိုစိမ့်ထွက်စေနိုင်ပါသည်။
- လျှော်ဖွပ်ရမည့်အဝတ်အစားမှာ အထက်ပါပုံတွင်ပြထားသည့် ပလတ်စတစ်အစိတ်အပိုင်း (A) ထက် မကျော်လွန်ကြောင်း သေချာပါစေ။

အဆင့် 5 လျှော်မည့်အဝတ်အစား ပမာဏကို ဆုံးဖြတ်ပါ

လျှော်ဖွတ်ရမည့်အဝတ်အစားမှာ စာမျက်နှာ 30 တွင်ရှိသော ပုံတွင်ပြထားသည့် ပလတ်စတစ်ဇရိယာ (A) ထက် မကျော်လွန်ကြောင်း သေချာပါစေ။ ထိုသို့မဟုတ်ပါက အဝတ်လျှော်စက်သည် မှန်မှန်ကန်ကန် မလျှော်ဖွပ်နိုင်မည်မဟုတ်ပါ (သို့မဟုတ်) အဝတ်လျှော်စက် (သို့မဟုတ်) ထိုအဝတ်အစားကိုပင် ပျက်စီးစေနိုင်ပါသည် (သို့မဟုတ်) ရေယိုစိမ့်ထွက်စေနိုင်ပါသည်။

📄 မှတ်ချက်

အိပ်ရာခင်း (သို့မဟုတ်) အိပ်ရာခင်းအဖုံးများကို လျှော်ဖွပ်သောအခါ လျှော်ဖွပ်သည့်အချိန် ရှည်ကြာနိုင်ပါသည် (သို့မဟုတ်) စည်ပိုင်းလည်ပတ်လျှော်ဖွပ်နိုင်စွမ်း လျော့ကျနိုင်ပါသည်။ အိပ်ရာခင်း သို့မဟုတ် အိပ်ရာခင်းအဖုံးများအတွက် အကြံပြုထားသော ပမာဏမှာ 3.5 kg သို့မဟုတ် ထို့ထက်နည်းပါသည်။

⚠ သတိ

လျှော်ဖွပ်ရမည့်အဝတ်အစား ပမာဏ ဟန်ချက်မညီဖြစ်ကာ "Ub" အချက်အလက်ကုဒ်ကို ပြပါက လျှော်ရမည့်ပမာဏကို ပြန်လည်မျှတအောင်လုပ်ပါ။ ဟန်ချက်မညီသော လျှော်ဖွပ်ရမည့် အဝတ်အစားပမာဏသည် စည်ပိုင်းလည်ပတ်လျှော်ဖွပ်နိုင်စွမ်းကို ကျစေနိုင်ပြီး အဝတ်လျှော်စက် (သို့မဟုတ်) ထိုအဝတ်အစားကိုပင် ပျက်စီးစေနိုင်ပါသည်။

Untitled-9 31 2023-11-10 2:25:12

သင် စတင်မသုံးမီ

အဆင့် 6 မှန်ကန်သော ဆပ်ပြာမှုန့်အမျိုးအစားကို အသုံးပြုပါ

ဆပ်ပြာမှုန့်အမျိုးအစားသည် အထည်အမျိုးအစား (ချည်ထည်၊ ဓာတုသုံးအထည်၊ နူးညံ့သော အထည်များ၊ သိုးမွေး)၊ အရောင်၊ လျှော်ဖွပ်ရမည့်အပူချိန်နှင့် ညစ်ပေစွန်းထင်းသည့် အတိုင်းအတာအပေါ် မူတည်ပါသည်။ အလိုအလျောက် စက်သုံးအဝတ်လျှော်စက်များအတွက် ထုတ်ထားသော "အမြှုပ်ထွက်အားနည်းသည့်" အဝတ်လျှော် ဆပ်ပြာမှုန့်ကို အမြဲသုံးပါ။

⚠ သတိ

- သင့်တော်သည့် ဆပ်ပြာမှုန့်ပမာဏကို အသုံးပြုပါ။ ဆပ်ပြာမှုန့်ပမာဏ လွန်ကဲခြင်းက အဝတ်လျှော်ဖွပ်မှုရလဒ်များကို များစွာပိုကောင်းစေမည် မဟုတ်သလို ရေလျှော်နိုင်စွမ်းကို လျော့ကျစေသောကြောင့် လျှော်ဖွပ်ရမည့်အဝတ်အစားကို ပျက်စီးစေပါသည်။
- အစွန်းချွတ်ဆေးသည် သဘာဝအရ အယ်ကာလီအပြင်းစား ဖြစ်ပြီး လျှော်ဖွပ်ရမည့်အဝတ်အစားကို ပျက်စီးခြင်း (သို့မဟုတ်) အရောင်ကျွတ်ခြင်း ဖြစ်စေနိုင်ပါသည်။
- လျှော်ဖွပ်ရမည့်အဝတ်အစားတွင် ဆပ်ပြာမစင်ခြင်းနှင့် လျှော်ဖွပ်ပြီးနောက် အနှံ့ဆိုးကျန်နိုင်ခြေအရမ်းများသည့် ဆပ်ပြာမှုန့်ကို အသုံးပြုသောအခါ ရေလျှော်သည့် လျှော်ဖွပ်မှုစက်ဝန်းကို ပိုရှည်ကြာစွာ (သို့မဟုတ်) ထပ်မံ ပြုလုပ်ပါ။
- အထူးသဖြင့် ရေအေးနှင့်အတူ ဆပ်ပြာမှုန့်ပမာဏ အလွန်အကျွံအသုံးပြုပါက ဆပ်ပြာမှုန့် ကောင်းကောင်းစင်မည် မဟုတ်ပါ။ ၎င်းက လျှော်စရာအဝတ်အစား၊ ရေပိုက်များ နှင့်/သို့မဟုတ် စည်ပိုင်းကို ညစ်ညမ်းစေပါသည်။
- အချိန်သတ်မှတ်ပြီး လျှော်ဖွပ်သည့်အခြေအနေတွင် လျှော်ဖွပ်ရမည့်အဝတ်အစား (သို့မဟုတ်) စည်ပိုင်းအတွင်း တိုက်ရိုက် ဆပ်ပြာမှုန့်မထည့်ပါနှင့်။ လျှော်ဖွပ်ရမည့်အဝတ်အစားမှာ အရောင်ကျွတ်နိုင်ပါသည်။ ဆပ်ပြာမှုန့်အံဆွဲကို အသုံးပြုပါ။
- သိုးမွေးထည်အတွက် လျှော်ဖွပ်ရေးစက်ဝန်းကို အသုံးပြုပြီး သိုးမွေးထည်ကို လျှော်ဖွပ်သောအခါ အဝတ်အစား အရောင်ကျွတ်ခြင်းကို ရှောင်ရှားနိုင်ရန် အယ်ကာလီပိုကဲသည့် ဆပ်ပြာမှုန့်ကိုသာ အသုံးပြုပါ။


📄 မှတ်ချက်

- လျှော်ဖွပ်ရမည့် အဝတ်အစားအလေးချိန်၊ ညစ်ပေစွန်းထင်းမှု ပမာဏနှင့် သင့်ဒေသ၏ ရေစေးထန်မှုအပေါ် အခြေခံပြီး ဆပ်ပြာမှုန့်ထုတ်လုပ်သူ၏ အကြံပြုချက်များကို လိုက်နာပါ။ ရေစေးထန်မှုနှင့်ပတ်သက်ပြီး သင် မသေချာဖြစ်နေပါက ဒေသတွင်း သောက်သုံးရေ အာဏာပိုင်ကို ဆက်သွယ်ပါ။
- စေးထန်စေတတ်သည့် (သို့မဟုတ်) ပျစ်စေတတ်သည့် ဆပ်ပြာမှုန့်ကို မသုံးပါနှင့်။ ရေလျှော်သည့် လုပ်ငန်းစဉ်အပြီး ထိုဆပ်ပြာမှုန့်မှာ မစင်ဘဲကျန်နေနိုင်ပြီး ရေစွန့်ထုတ်ပေါက်ကို ပိတ်နိုင်ပါသည်။

Untitled-9 32 2023-11-10 2:25:12

စက်လည်ပတ်ပုံ

ထိန်းချုပ်ခလုတ်စုံ



01 ပါဝါ	အဝတ်လျှော်စက်ကို ဖွင့်/ပိတ်ရန် နှိပ်ပါ။
02 Cycles (အစီအစဉ်များ)	လိုချင်သည့်အစီအစဉ်ရွေးရန် နှိပ်ပါ။
03 စတင်ပါ/ခေတ္တရပ်ပါ	စက်လည်ပတ်အသုံးပြုမှုကို စတင်ရန် သို့မဟုတ် ခဏရပ်ရန် နှိပ်ပါ။
04 စက်ဝန်းညွှန်ပြသည့်အရာများ	လျှော်ဖွပ်သည့်အစီအစဉ်တစ်ခုချင်းစီ၏ဘေးဘက်ရှိ ညွှန်ပြသည့်အရာသည် ရွေးထားသောစက်ဝန်းကို ညွှန်ပြရန် ပွင့်လာပါသည်။
05 ပြသချက်	လက်ရှိ အစီအစဉ်အချက်အလက်နှင့် ခန့်မှန်းကျန်ရှိချိန်၊ သို့မဟုတ် အဝတ်လျှော်စက်ကို စစ်ဆေးရန်လိုအပ်ပါက အချက်အလက်ကုတ်အား ဖော်ပြပေးပါသည်။
06 Air Turbo (လေတာဗို)	သင့်အဝတ်များ အမြန်ခြောက်သွားစေရန် ဤခလုတ်ကို နှိပ်ပါ။ Spin (လှည့်ပါ) ရွေးချယ်ခွင့်ကို သတ်မှတ်ထားမှသာ Air Turbo (လေတာဗို) လုပ်ဆောင်ချက်ကို ရွေးချယ်နိုင်ပါသည်။
07 Water Level (ရေပမာဏ)	ရေပမာဏကို မန်နျူးရယ်ပြောင်းရန် နှိပ်ပါ။
08 Wash (လျှော်ဖွပ်မှု)	လျှော်ဖွပ်ချိန်ကို မန်နျူးရယ်အတိုင်း ရွေးရန် နှိပ်ပါ သို့မဟုတ် လျှော်ဖွပ်မှု စက်ဝန်းကိုသာ စတင်ရန် ဖိကာ နှိပ်ထားပါ။
09 Rinse (ရေလျှော်မည်)	ရေလျှော်သည့်အကြိမ်ရေ (အများဆုံး 5 ကြိမ်) ကိုပြောင်းရန်နှိပ်ပါ သို့မဟုတ် ရေလျှော်မှုအစီအစဉ်ကိုသာစရန် ဖိကာနှိပ်ထားပါ။
10 Spin (လှည့်ပါ)	မတူသောရည်စုစ်ခြင်းအမြန်နှုန်းကိုရွေးရန် နှိပ်ပါ သို့မဟုတ် ရည်စုစ်ခြင်းအစီအစဉ်ကိုသာစတင်ရန် ဖိကာနှိပ်ထားပါ။

Untitled-9 33
2023-11-10 2:25:12

စက်လည်ပတ်ပုံ

11 Eco Bubble (အီကိုပူဖောင်း)	Eco Bubble (အီကိုပူဖောင်း) လုပ်ဆောင်ချက်ကို ဖွင့်/ပိတ်ရန် ဤခလုတ်ကို နှိပ်ပါ။ ဤလုပ်ဆောင်ချက်ကို NORMAL (ပုံမှန်)၊ BABY CARE (ကလေးငယ် ကာကွယ်စောင့်ရှောက်မှု) သို့မဟုတ် JEANS (ဂဏြူးထည်များ) အစီအစဉ်တွင်သာ ရရှိနိုင်ပါသည်။ • Eco Bubble (အီကိုပူဖောင်း) လုပ်ဆောင်ချက်သည် ဆပ်ပြာကို သင်၏အဝတ်အထည်များအတွင်းသို့ ပိုမိုမြန်ဆန်စွာစိမ့်ဝင်ကာ ပို၍ထိရောက်မှုရှိစေရန် ကူညီပေးပါသည်။ ၎င်းက သင်၏အဝတ်အထည်များ ပျက်စီးခြင်းကိုလည်း ကာကွယ်ပေးပါသည်။ • Intensive Wash (အသေးစိတ်လျှော်ဖွပ်မှု) - Eco Bubble (အီကိုပူဖောင်း) ကို 3 စက္ကန့်ကြာ ဖိ၍ နှိပ်ထားပါ။ အဝတ်အထည်မှာ အလွန်ညစ်ညမ်းနေပြီး သေချာလျှော်ဖွပ်ရန်လိုအပ်သည့်အခါ ဤခလုတ်ကိုနှိပ်ပါ။ Intensive Wash (အသေးစိတ်လျှော်ဖွပ်မှု) ကိုဖွင့်ထားပါက အစီအစဉ်အချိန် တိုးလာမည်ဖြစ်ပါသည်။
12 Super Speed (စူပါ မြန်နှုန်း)	သင်က လျှော်ဖွပ်သည့်အချိန်ကို တိုတောင်းစေလိုပါက NORMAL (ပုံမှန်)၊ BABY CARE (ကလေးငယ် ကာကွယ်စောင့်ရှောက်မှု) သို့မဟုတ် JEANS (ဂဏြူးထည်များ) အတွက် အသုံးပြုနိုင်သော ဤခလုတ်ကို နှိပ်ပါ။ ပိုတိုသွားသောအချိန်သည် ရွေးထားသော စက်ဝန်း/ဝန်ပမာဏ/ရွေးချယ်ခွင့်များပေါ်တွင် မူတည်ကာ ကွဲပြားနိုင်ပါသည်။ • Power Tub Clean (ပါဝါ စည်ပိုင်းသန့်ရှင်းရေး) - Super Speed (စူပါ မြန်နှုန်း) ကို 3 စက္ကန့်ကြာ ဖိ၍ နှိပ်ထားပါ။ သင်သည် ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) အစီအစဉ်ကို မလုပ်ဆောင်ထားပါက သို့မဟုတ် ပို၍အားကောင်းသော စည်ပိုင်းသန့်ရှင်းရေးလုပ်ခြင်း စွမ်းဆောင်ရည်ကို လိုအပ်ပါက ဤလုပ်ဆောင်ချက်ကို သုံးပါ။ သင်သည် စည်ပိုင်းကို ပို၍စေ့စပ်စွာ သန့်ရှင်းရေးလုပ်ရန် ဆပ်ပြာ ထပ်ထည့်နိုင်ပါသည်။


Untitled-9 34 2023-11-10 2:25:12

13 Deep Softener (အဝတ်ပျော့ဆေးအပြင်း)	အဝတ်တွင်စွန်းပေနေသည်များနှင့် အနံ့အသက်များကို ပို၍သေချာစွာဖယ်ရှားရန် အစီအစဉ်၏အဆုံးသတ်တွင် ထပ်တိုးရေလျှော်ခြင်းကို ထည့်သွင်းပါ။ • Deep Softener (အဝတ်ပျော့ဆေးအပြင်း) ရွေးချယ်ခွင့်ကို သုံးပြီးနောက်၊ အခြောက်ခံစက်ဖြင့် အခြောက်ခံသည့်အခါ၊ ကျန်ရှိနေသောအနံ့ နည်းပါးသွားမည်ဖြစ်ပါသည်။ • အနုံပြင်းသောဆပ်ပြာမှုန့်ကိုသုံးသည့်အခါ၊ အထည်ပျော့ဆေး၏အမွှေးနံ့ လျော့ပါးသွားမည်ဖြစ်ပါသည်။
14 Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း)	သတ်မှတ်ထားသည့်အချိန်တွင် လျှော်ဖွပ်မှုပြီးစီးရန် နှိပ်ပါ။ Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း) ဆက်တင်များကို ပယ်ဖျက်ရန်၊ အဝတ်လျှော်စက်ကို အလွယ်တကူ ပိတ်လိုက်ပါ။ Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း) အချိန်ကို 24 နာရီအထိ သင်သတ်မှတ်နိုင်ပါသည်။

Untitled-9 35 2023-11-10 2:25:12

စက်လည်ပတ်ပုံ

စတင်ရန် ရိုးရှင်းသောအဆင့်များ



1. အဝတ်လျှော်စက်ကို ဖွင့်ရန် ပါဝါ ကို နှိပ်ပါ။
2. လိုချင်သောစက်ဝန်းကို ရွေးပြီးသည်အထိ Cycles (အစီအစဉ်များ) ကို ထပ်ကာထပ်ကာနှိပ်ပါ။
3. အစီအစဉ်ဆက်တင် (Water Level (ရေပမာဏ)၊ Wash (လျှော်ဖွပ်မှု)၊ Rinse (ရေလျှော်မည်)၊ နှင့်/သို့မဟုတ် Spin (လှည့်ပါ)) အား လိုအပ်သလိုပြောင်းပါ။
4. ရွေးစရာကိုထည့်ရန်၊ သက်ဆိုင်ရာခလုတ်ကိုနှိပ်ပါ။
5. စတင်ပါ/ခေတ္တရပ်ပါ ကို နှိပ်ပါ။

စက်လည်ပတ်အသုံးပြုနေစဉ် အစီအစဉ်ကိုပြောင်းရန်

1. ဆောင်ရွက်ချက်ကိုခဏရပ်ရန် စတင်ပါ/ခေတ္တရပ်ပါ ကိုနှိပ်ပါ။
2. မတူညီသော လျှော်ဖွပ်ရေးစက်ဝန်းကို ရွေးချယ်ပြီး လိုအပ်ပါက အထက်ပါ 3-4 ဆင့်ကို ထပ်ကျော့လုပ်ဆောင်ပါ။
3. လျှော်ဖွပ်ရေးစက်ဝန်းအသစ်ကို စတင်ရန် စတင်ပါ/ခေတ္တရပ်ပါ ကို ထပ်မံနှိပ်ပါ။

Untitled-9 36 2023-11-10 2:25:13

စက်ဝန်း အကျဉ်းချုပ်

အစီအစဉ်	ဖော်ပြချက်	အများဆုံးထည့်နိုင်သည့် အဝတ်အစားပမာဏ (kg)
NORMAL (ပုံမှန်)	• ချည်ထည်များ၊ လီနင်များ၊ နှင့် ပုံမှန်အတိုင်းညစ်ပေနေသောအရာများပါဝင်သည့် အဝတ်အထည်အများစုအတွက်။	အမြင့်ဆုံး
QUICK WASH (အမြန်လျှော်ဖွပ်မှု)	• သင် အမြန်လျှော်ဖွပ်လိုသော အနည်းငယ်ညစ်ပေနေသည့်အရာများအတွက်။	အမြင့်ဆုံး
SUPER CLEAN (အထူးလျှော်ဖွပ်သန့်စင်ရေး)	• သင့်အနေဖြင့် အားကောင်းသည့် လျှော်ဖွပ်သန့်စင်နိုင်စွမ်း ဖြစ်ပေါ်စေလိုပါက ဤတစ်ခုကို ရွေးချယ်ပါ။	အမြင့်ဆုံး
DELICATES (နူးညံ့သော အထည်များ)	• ပါးလွှာသော နိုင်လွန်စများ၊ ဘရာစီယာများ၊ အမျိုးသမီးအတွင်းခံ၊ ပိုးထည်များနှင့် အခြား လက်ဖြင့်သာ လျှော်နိုင်သည့် အထည်များအတွက်။ အကောင်းဆုံး ရလဒ်များအတွက် ဆပ်ပြာအဆီကို သုံးပါ။	2.0
BABY CARE (ကလေးငယ် ကာကွယ်စောင့်ရှောက်မှု)	• ကျန်ရှိနေသော ဆပ်ပြာများကို ထိရောက်စွာဖယ်ရှားရာတွင် အကူအညီဖြစ်စေရန် အပို ရေလျှော်ခြင်းများ ပါရှိပါသည်။	အမြင့်ဆုံး
BEDDING (အိပ်ရာခင်း)	• ဂွမ်းကပ်များ၊ စောင်များ၊ နှင့် အိပ်ရာခင်းများကဲ့သို့သော ကြီးမားလေးလံသည့် အရာများအတွက်။ • အကောင်းဆုံးရလဒ်ဖြစ်စေရန်အတွက် အိပ်ရာခင်းအမျိုးအစားတစ်မျိုးကိုသာ လျှော်ဖွပ်ပါ။	3.5
JEANS (ဂျင်းထည်များ)	• ကျကျနန လျှော်ဖွပ်ဖို့ လိုအပ်သည့် အဝတ်အစားများအတွက် သင့်တော်ပါသည်။	အမြင့်ဆုံး

Untitled-9 37 2023-11-10 2:25:13

စက်လည်ပတ်ပုံ

အစီအစဉ်	ဖော်ပြချက်	အများဆုံးထည့်နိုင်သည့် အဝတ်အစားပမာဏ (kg)
AQUA PRESERVE (ရေရွှေတာရေး)	• အသုံးပြုရမည့် ရေကို သင် ရွေတာလိုပါက ဤတစ်ခုကို ရွေးချယ်ပါ။ ရေလျှော်သည့် လုပ်ငန်းစဉ်တွင် အသုံးပြုသည့်ရေကို နောက်လုပ်ငန်းစဉ်အတွက် ပြန်လည်အသုံးပြုပါလိမ့်မည်။	အမြင့်ဆုံး
RINSE+SPIN (ရေလျှော်ခြင်း+ရေညှစ်ခြင်း)	• လျှော်မည့် အဝတ်တွင် အဝတ်အထည် နူးညံ့ပျော့ပျောင်းစေသည့် ပစ္စည်းကို သုံးပြီးနောက် ထပ်ဆောင်း ရေလျှော်ပေးသည့် လုပ်ဆောင်ချက်တစ်ခု ပါဝင်သည်။	အမြင့်ဆုံး
ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး)	• စည်ပိုင်းကို သန့်ရှင်းရေးလုပ်ရန် ဤတစ်ခုကို ရွေးချယ်ပါ။ အားကောင်းသည့် စည်ပိုင်းလှည့်အားက အညစ်အကြေးများနှင့် စည်ပိုင်းအတွင်းဘက်မှ အနံ့ဆိုးများကို ဖယ်ရှားပေးပါမည်။ • မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသော ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) ညွှန်ပြသည့်အရာသည် ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) ကိုသုံးကာ စည်ပိုင်းကိုသန့်ရှင်းရေးလုပ်ရမည့် အချိန်ဖြစ်ကြောင်း သင့်ကိုသတိပေးပါသည်။ အသေးစိတ်အချက်များအတွက် ဤလက်စွဲစာအုပ်တွင် သန့်ရှင်းရေး အခန်းကို ကြည့်ပါ။	–

Untitled-9 38 2023-11-10 2:25:13

အထူး အင်္ဂါရုပ်များ

Child Lock (ကလေးလော့ခ်)

Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်သည် ကလေးများ အဝတ်လျှော်စက်အတွင်းဝင်ကာ စည်ပိုင်းအတွင်းတွင် ရေမွှန်းသွားနိုင်ခြင်းကို တားဆီးရန်အတွက် လျှော်စက်အဖုံးကို လော့ခ်ချပေးပါသည်။

Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ဖွင့်ထားသည်

Water Level (ရေပမာဏ) နှင့် Wash (လျှော်ဖွပ်မှု) ကို 3 စက္ကန့်ကြာ တစ်ပြိုင်တည်း ဖိ၍ နှိပ်ထားပါ။

- Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ဖွင့်သည့်အခါ၊ Child Lock (ကလေးလော့ခ်) ညွှန်ပြသည့်အရာ မီးလင်းလာသည်။

Child Lock (ကလေးလော့ခ်) ကို အသုံးပြုခြင်း

Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကိုဖွင့်သည့်အခါ အဖုံးပွင့်နေပါက၊ "dC" ပေါ်လာပြီး အချက်ပေးသံမြည်လာပါသည်။

- စည်ပိုင်းအတွင်းရှိရေပမာဏသည် ဘေးကင်းသောရေပမာဏအထက်တွင် ရှိနေပါက၊ LED ဖန်သားပြင်ပေါ်တွင် "dC" ပေါ်လာပြီး 30 စက္ကန့်ကြာပြီးနောက် အဝတ်လျှော်စက်ကို တွန်းအားပေးကာ စတင်၍ ရေဖောက်ထုတ်စေပါမည်။
- စည်ပိုင်းအတွင်းရှိရေပမာဏသည် ဘေးကင်းသောရေပမာဏအထက်တွင် ရှိနေပြီး အဖုံးပွင့်နေစဉ်တွင် Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက် ပွင့်နေပါက၊ အဝတ်လျှော်စက်ကို ပိတ်ထားလျှင်တောင်မှ LED ဖန်သားပြင်ပေါ်တွင် "CL" ပေါ်လာကာ အဝတ်လျှော်စက်ကို တွန်းအားပေးကာ ရေစွန့်ထုတ်စေပါမည်။
- Child Lock (ကလေးလော့ခ်) ကိုဖွင့်ထားပြီး အဝတ်လျှော်စက်ကိုပိတ်ထားသည့်အခါ၊ စည်ပိုင်းအတွင်းရှိရေသည် ဘေးကင်းသောရေပမာဏအထက်တွင် ရှိနေပြီး အဖုံးပွင့်နေပါက၊ LED ဖန်သားပြင်ပေါ်တွင် "CL" ပေါ်လာပါမည်။ အချက်ပေးသံမမြည်သော်လည်း အဝတ်လျှော်စက်မှ ရေထုတ်ပါမည်။ ရေထုတ်ခြင်းလုပ်ဆောင်ချက် ပြီးစီးသောအခါ၊ ပါဝါမှာ အလိုအလျောက်ပြန်ပိတ်သွားပါမည်။
- မဖြစ်မနေရေထုတ်ပြီးနောက်၊ 1 စက္ကန့်ခြားတစ်ခါ "CL" လင်းလာကာ အဝတ်လျှော်စက်သည် "CL" မုဒ်သို့ ဝင်သွားပါမည်။ (အဝတ်လျှော်စက်သည် "CL" မုဒ်တွင် ရှိနေသည့်အခါ၊ ပါဝါ ခလုတ်သာ အလုပ်လုပ်ပါမည်။)
- "CL" မုဒ်ကိုပယ်ဖျက်ရန်၊ ပါဝါကို ပိတ်ပြီးနောက် ပြန်ဖွင့်ပါ။
- "dC" မုဒ်ကိုပယ်ဖျက်ရန်၊ Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ပိတ်ပါ။ Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ပိတ်ရန်၊ Water Level (ရေပမာဏ) နှင့် Wash (လျှော်ဖွပ်မှု) ကို ခန့်မှန်းချေ 3 စက္ကန့်ကြာ တစ်ပြိုင်တည်း ဖိ၍ နှိပ်ထားပါ။

Untitled-9 39 2023-11-10 2:25:13

စက်လည်ပတ်ပုံ

Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ပိတ်ထားသည်

Water Level (ရေပမာဏ) နှင့် Wash (လျှော်ဖွပ်မှု) နှစ်မျိုးလုံးကို 3 စက္ကန့်ကြာ တစ်ပြိုင်တည်း ဖိ၍ နှိပ်ထားပါ။

- Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ပိတ်သည့်အခါ၊ Child Lock (ကလေးလော့ခ်) 🔒 ညွှန်ပြသည့်အရောင် ပိတ်သွားပါသည်။
- Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်သည် ကလေးများ သို့မဟုတ် မသန်စွမ်းသူများကို အဝတ်လျှော်စက်မောင်းနှင်မှုအတွင်း မတော်တဆဝင်သွားကာ ထိခိုက်ဒဏ်ရာရခြင်းမျိုး မဖြစ်စေရန် ကာကွယ်ပေးပါသည်။

⚠ သတိပေးချက်

အဝတ်လျှော်စက်အတွင်းသို့ ကလေးဝင်သွားပါက၊ ကလေးသည် ပိတ်မိသွားကာ မွန်းသွားနိုင်ပါသည်။

⚠ သတိ

- Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ဖွင့်လိုက်ပြီးသည်နှင့်၊ ပါဝါပိတ်ထားလျှင်တောင်မှ ၎င်းမှာ ဆက်၍အလုပ်လုပ်ပါသည်။
- အဖုံးကိုအတင်းအကြပ်ဖွင့်ခြင်းသည် ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် ထုတ်ကုန်ပျက်စီးခြင်းကို ဖြစ်စေနိုင်ပါသည်။

📄 မှတ်ချက်

Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကိုဖွင့်လိုက်ပြီးနောက် အဝတ်အထည်ထည့်ရန်၊ သင်သည် Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ဦးစွာပိတ်ရပါမည်။

Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း)


လျှော်ဖွပ်မှုအစီအစဉ်ကို နောက်မှအဆုံးသတ်ရန် အဝတ်လျှော်စက်ကို သတ်မှတ်နိုင်ပါသည်။ ပြသထားသည့် နာရီက အဝတ်လျှော်ပြီးမည့်အချိန်ကို ညွှန်ပြပါသည်။

1. စက်ဝန်းတစ်ခု ရွေးချယ်ပါ။ ထို့နောက်၊ လိုအပ်ပါက စက်ဝန်း ဆက်တင်များကို ပြောင်းပါ။
2. လိုချင်သောပြီးဆုံးချိန်ကို မသတ်မှတ်ရသေးမချင်း Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း) ကို ထပ်ကာထပ်ကာနှိပ်ပါ။
3. စတင်ပါ/ခေတ္တရပ်ပါ ကို နှိပ်ပါ။ Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း) ခလုတ်ဘေးရှိ အချက်ပေးမီးလင်းလာပြီး တိုင်မာစတင်ပါမည်။
4. Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း) ကို ပယ်ဖျက်ရန် ပါဝါ ကို နှိပ်ပြီး အဝတ်လျှော်စက်ကို ပြန်စတင်နိုင်သည်။

Untitled-9 40 2023-11-10 2:25:13

လက်တွေ့ဘဝဖြစ်ရပ်

သင်သည် နှစ်နာရီကြာမည့် လျှော်ဖွပ်ရေးစက်ဝန်းကို ယခုအချိန်မှနေ၍ 3 နာရီအကြာတွင် အဆုံးသတ်လိုသည်။ ထိုသို့လုပ်ဆောင်ရန်အတွက်၊ 3-နာရီဆက်တင်ဖြင့် လက်ရှိအစီအစဉ်တွင် Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း) ရွေးချယ်ခွင့်ကို ထည့်ပြီးနောက် 2:00 p.m တွင် စတင်ပါ/ခေတ္တရပ်ပါ ကို နှိပ်ပါ။ အဝတ်လျှော်စက်သည် 3:00 p.m တွင် စတင်အလုပ်လုပ်ကာ 5:00 p.m တွင် ပြီးဆုံးပါမည်။ အောက်တွင်ဖော်ပြထားသည်မှာ ဤဥပမာအတွက် အချိန်ညွှန်ပြချက်ဖြစ်ပါသည်။



Sound On/Off (အသံ ဖွင့်/ပိတ်)

သင်က သော့ကို ဖွင့် သို့မဟုတ် ပိတ်နိုင်သည်။ သင်က စက်ကို ပြန်လည်စတင်ပြီးနောက်တွင် သင့်ဆက်တင်က ဆက်လက်၍ အကျုံးဝင်နေပါမည်။

- အသံဖွင့်/ပိတ်ရန် Rinse (ရေလျှော်မည်) နှင့် Spin (လှည့်ပါ) ကို 3 စက္ကန့်ကြာ ဖိ၍နှိပ်ထားပါ။

Untitled-9 41 2023-11-10 2:25:13

ထိန်းသိမ်းပြုပြင်ခြင်း

သန့်ရှင်းရေး

စက်စွမ်းဆောင်ရည်ကျဆင်းမှုကို ကာကွယ်တားဆီးရန်နှင့် စက်သက်တမ်းကို ထိန်းသိမ်းရန် အဝတ်လျှော်စက်ကို သန့်ရှင်းအောင်ထားပါ။

အပြင်ပိုင်း

- ဆပ်ပြာမှုန့်၊ ချွတ်ဆေး၊ သို့မဟုတ် အခြားသောဖိတ်စင်မှုများအားလုံးကို အဝတ်ပျော့ကိုသုံး၍ သုတ်ပစ်ပါ။
- ထိန်းချုပ်ပန်နယ်အား ချောမွတ်၊ စိုစွတ်သော အဝတ်စဖြင့် သန့်ရှင်းရေးလုပ်ပါ။ ကြမ်းရှသောအမှုန်များ သို့မဟုတ် သန့်ရှင်းရေးလုပ်သည့်အပြားများကို မသုံးပါနှင့်။ ပန်နယ်များပေါ် သို့ သန့်ရှင်းရေးပစ္စည်းများ တိုက်ရိုက် မဖျန်းပါနှင့်။

ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး)

စည်ပိုင်းကို သန့်ရှင်းရေးလုပ်ရန်နှင့် ၎င်းထဲမှဘက်တီးရီးယားများကိုဖယ်ရှားရန် ဤအစီအစဉ်ကို ပုံမှန်လုပ်ဆောင်ပါ။

1. စည်ပိုင်းကို လုံးဝပိတ်ထားကြောင်း သေချာအောင်လုပ်ပါ။
2. အဝတ်လျှော်စက်ကို ဖွင့်ရန် ပါဝါ ကို နှိပ်ပါ။
3. ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) ကို ရွေးချယ်လိုက်သည်အထိ Cycles (အစီအစဉ်များ) ကို ထပ်ကာထပ်ကာ နှိပ်ပါ။ သင်သည် Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း) ကို ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) ဖြင့်လည်း အသုံးပြုနိုင်ပါသည်။
4. စတင်ပါ/ခေတ္တရပ်ပါ ကို နှိပ်ပါ။

မှတ်ချက်

အဝတ်လျှော်စက်ကို စိုစွတ်သောနေရာတွင် တပ်ဆင်ကာ အသုံးပြုပါက၊ လေထဲရှိဘက်တီးရီးယားများသည် စည်ပိုင်း၏ စိုစွတ်သောမျက်နှာပြင်တွင် ကပ်ညိကာ သင့်ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သောမှိုများ ပေါက်ဖွားလာမည်ဖြစ်ပါသည်။ သင့်အဝတ်လျှော်စက်စည်ပိုင်းကို သန့်ရှင်းအောင်ထားရန်အတွက်၊ စည်ပိုင်းကိုသန့်ရှင်းရေးလုပ်ရန် ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) အစီအစဉ်ကို 1-2 လကြာတိုင်း သုံးပေးပါ (သို့မဟုတ် ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) ညွှန်ပြသည့်ကိရိယာ ▦ ပွင့်လာသည့်အခါ)။

⚠ သတိ

- စည်ပိုင်း လုံးဝလွတ်နေမှသာ ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) ကိုဖွင့်ပါ။ ၎င်းသည် အဝတ်အထည်ကို ပျက်စီးစေနိုင်ပါသည် သို့မဟုတ် အဝတ်လျှော်စက်တွင် ပြဿနာဖြစ်စေနိုင်ပါသည်။

Untitled-9 42 2023-11-10 2:25:13

- အဝတ်လျှော်စက်ကိုအသုံးပြုသော အခြေအနေများနှင့် ပတ်ဝန်းကျင်များပေါ် တွင်မူတည်ကာ၊ စည်ပိုင်းရှိ ညစ်ညမ်းမှုဒီဂရီ သို့မဟုတ် ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) အစီအစဉ် ပြောင်းလဲသွားနိုင်ပါသည်။ ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) အစီအစဉ်ကိုသုံးသည့်အခါ၊ စည်ပိုင်းအောက်ခြေတွင် 200 ml ကလိုရင်းချွတ်ဆေးကို နှံ့အောင်လောင်းထည့်ပါ။
  - ကလိုရင်းချွတ်ဆေးကိုလွန်ကဲစွာသုံးခြင်းသည် ထုတ်ကုန်ပျက်စီးခြင်းကို ဖြစ်စေနိုင်ပါသည်။ ကလိုရင်းချွတ်ဆေးကို (ဗီနီကာ၊ စစ်ထရစ်နှင့် အောက်ဆီဂျင်ချွတ်ဆေး၊ ကဲ့သို့သော) အခြားအရာများနှင့် မရောပါနှင့်။
  - ကလိုရင်းချွတ်ဆေးကို ထိုအရာများနှင့်ရောခြင်းသည် အန္တရာယ်ရှိသောဓာတ်ငွေ့ကို ထွက်ရှိစေနိုင်ပါသည်။ ကလိုရင်းချွတ်ဆေးကိုသုံးသည့်အခါ၊ ပတ်ဝန်းကျင်ဇရိယာ လေဝင်လေထွက်ကောင်းစေရန် သေချာအောင်လုပ်ပါ။ သင်သည် စည်ပိုင်းကို သန့်ရှင်းရေးမလုပ်ဘဲ အဝတ်လျှော်စက်ကို အချိန်ကြာမြင့်စွာအသုံးပြုပါက သို့မဟုတ် စည်ပိုင်းကို ပထမဆုံးအကြိမ် သန့်ရှင်းရေးလုပ်ခြင်းဖြစ်ပါက၊ ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) အစီအစဉ်ပြီးသည့်နောက် စည်ပိုင်းတွင် အချို့မှာ ကြွင်းကျန်ရစ်နိုင်ပါသည်။
- ကြွင်းကျန်နေသည်များကို ဖယ်ရှားရန် RINSE+SPIN (ရေလျှော်ခြင်း+ရေညှစ်ခြင်း) အစီအစဉ်ကို ထပ်မံလုပ်ဆောင်ပါ။ စွန်းထင်းခြင်းမရှိသောစည်ပိုင်းများသည် အလွယ်တကူသံချေးတက်ခြင်းမရှိသော်လည်း၊ ၎င်းတို့သည် ဖော်ပြပါဖြစ်စဉ်များတွင် သံချေးတက်နိုင်ပါသည်၊ သံချေးတက်လာပါက၊ ရေမြှုပ် သို့မဟုတ် အဝတ်ပျော့ကို ပျော့သောဆပ်ပြာရည်ကိုစွတ်ကာ သုတ်ပစ်ပါ။
  - စည်ပိုင်းထဲတွင် အလွယ်တကူသံချေးတက်နိုင်သောအရာများ (ဘေးကင်းရေးပင်များ၊ ဆံပင်ညှပ်ကလစ်များ၊ စသည်ဖြင့်) အချိန်ကြာမြင့်စွာ ကျန်ရှိနေပါက။
  - စည်ပိုင်းထဲတွင် ကလိုရင်းချွတ်ဆေး အချိန်ကြာမြင့်စွာ ကျန်ရှိနေပါက။
  - စည်ပိုင်းထဲတွင် ကလိုရင်းချွတ်ဆေးအများအပြားကို သုံးထားပါက။

Untitled-9 43 2023-11-10 2:25:13

ထိန်းသိမ်းပြုပြင်ခြင်း

ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) သတိပေးချက်

- လိုအပ်ပါက ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) အချက်ပြမီးသည် စည်ပိုင်းသန့်ရှင်းရေးအတွက် သင့်ကို သတိပေးပါသည်။ အဝတ်လျှော်ဖွပ်ပြီးနောက် အချက်ပြမီး မှိတ်တုတ်လင်းသည်ကို သင်တွေ့လိုက်ရပါက လျှော်ဖွပ်ရမည့် အဝတ်အစားကို ဖယ်ရှားပြီး ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) စက်ဝန်းကို ဖွင့်ပါ။
- ဤသတိပေးချက်ကို သင် လျစ်လျူရှုနိုင်ပြီး ပုံမှန်အတိုင်း လျှော်ဖွပ်ရေးစက်ဝန်းများကို ဆက်လက်လည်ပတ်အသုံးပြုနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် စနစ်ပိုင်းဆိုင်ရာ ချို့ယွင်းမှု မဟုတ်သောကြောင့် ဖြစ်သည်။ သို့သော် လျှော်ဖွပ်ရေးစက်ဝန်းတစ်ကြိမ် ပြီးတိုင်း ချက်ချင်း စက်ဝန်း 6 ကြိမ်ဆက်တိုက် သတိပေးချက်မီး ဆက်လက်လင်းနေပါလိမ့်မည်။
- စည်ပိုင်းကို သန့်ရှင်းအောင်ထားရန် ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) ကို ပုံမှန်ဖွင့်ထားဖို့ အကြံပြုပါသည်။

Power Tub Clean (ပါဝါ စည်ပိုင်းသန့်ရှင်းရေး)

သင်သည် ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) အစီအစဉ်ကို မလုပ်ဆောင်ထားပါက သို့မဟုတ် ပို၍အားကောင်းသော စည်ပိုင်းသန့်ရှင်းရေးလုပ်ခြင်း စွမ်းဆောင်ရည်ကို လိုအပ်ပါက ဤလုပ်ဆောင်ချက်ကို သုံးပါ။ သင်သည် စည်ပိုင်းကို ပို၍စေ့စပ်စွာ သန့်ရှင်းရေးလုပ်ရန် ဆပ်ပြာ ထပ်ထည့်နိုင်ပါသည်။


1. စည်ပိုင်းတွင် ဘာမျှမရှိကြောင်း သေချာပါစေ။
2. အဝတ်လျှော်စက်ကို ဖွင့်ရန် ပါဝါ ကို နှိပ်ပါ။
3. Super Speed (စူပါ မြန်နှုန်း) ကို 3 စက္ကန့်ကြာ ဖိ၍ နှိပ်ထားပါ။
   - စည်ပိုင်း၏ အောက်ခြေတွင် ကလိုရင်းဓာတ်ဆေး 200 ml ကို အညီအညာလောင်းထည့်ပါ။
4. စတင်ပါ/ခေတ္တရပ်ပါ ကို နှိပ်ပါ။

⚠ သတိပေးချက်


- Power Tub Clean (ပါဝါ စည်ပိုင်းသန့်ရှင်းရေး) အစီအစဉ်ကို လုပ်ဆောင်နေစဉ်တွင် စည်ပိုင်းတွင် မည်သည့်အရာကိုမျှ မထည့်ထားပါနှင့်။ ထိုအရာများ ပျက်စီးသွားနိုင်ပါသည် သို့မဟုတ် အရောင်ကျွတ်သွားနိုင်ပါသည်။
- အဝတ်လျှော်စက်ကိုအသုံးပြုသော အခြေအနေများနှင့် ပတ်ဝန်းကျင်များပေါ်တွင်မူတည်ကာ၊ စည်ပိုင်းရှိ ညစ်ညမ်းမှုဒီဂရီ သို့မဟုတ် Power Tub Clean (ပါဝါ စည်ပိုင်းသန့်ရှင်းရေး) အစီအစဉ် ပြောင်းလဲသွားနိုင်ပါသည်။

Untitled-9 44 2023-11-10 2:25:13

ရေစစ်




1. စစ်ထုတ်ဆန်ခါ အပြား၏ အပေါ်ပိုင်းကို ဖယ်ရှားရန် ဖိချပါ။



2. ထိုအဖုံးကို လော့ဖွင့်၍ စီးကျနေသော ရေအောက်တွင် ဘရပ်ရှဖြင့် စစ်ထုတ်ဆန်ခါကို သန့်ရှင်းရေးလုပ်ပါ။


Untitled-9 45 2023-11-10 2:25:14

ထိန်းသိမ်းပြုပြင်ခြင်း




3. သန့်ရှင်းရေး လုပ်ပြီးသွားသောအခါ အဖုံးအကာကို ပိတ်ပြီး စစ်ထုတ်ဆန်ခါအပြားကို နဂိုမူလအနေအထားအတိုင်း ပြန်ထည့်ပါ။ စစ်ထုတ်ဆန်ခါအပြား အံကိုက်ဝင်သွားသောအခါ ကလစ်ဆိုသည့်အသံကို သင် ကြားရပါလိမ့်မည်။

ရေစုပ်ထုတ်နည်းဖြင့် စစ်ထုတ်ဆန်ခါ (သက်ဆိုင်ရာ မော်ဒယ်များတွင်သာ)




1. ရေစုပ်ထုတ်နည်းဖြင့် စစ်ထုတ်ဆန်ခါအောက်တွင် ခြေသုတ်တစ်ခု (သို့မဟုတ်) တဘက်တစ်ခု ထားပါ။ ဖယ်ရှားရန် ထိုစစ်ထုတ်ဆန်ခါ၏ ဘုလုံးကို လက်ဝဲရစ်လှည့်ပါ။




2. စီးကျနေသော ရေအောက်တွင် ဘရပ်ရှိအပျော့ဖြင့် စစ်ထုတ်ဆန်ခါကို သန့်ရှင်းရေးလုပ်ပါ။

Untitled-9 46 2023-11-10 2:25:14




3. အဆိုပါစစ်ထုတ်ဆန်ခါကို ပြန်ထည့်ပြီး နေရာတကျ အံကိုက်ဖြစ်သွားသည်အထိ လက်ယာရစ် လှည့်ပါ။

စစ်ထုတ်ဆန်ခါ



1. ပြထားသည့်အတိုင်း ရေဝင်ပေါက်အတွင်းမှ စစ်ထုတ်ဆန်ခါကို ဆွဲထုတ်ရန် ပလာယာကို အသုံးပြုပါ။
2. ရေစီးကျနေစေပြီး ပိုက်ကွန်စစ်ထုတ်ကိရိယာကို သန့်ရှင်းရေးလုပ်ရန် ဘရပ်ရှ်အပျော့ကို သုံးပါ။




3. အဆိုပါစစ်ထုတ်ဆန်ခါကို ပြန်ထည့်ပါ။ ရေယိုစိမ့်မှုများကို တားဆီးရန် ၎င်းကို ကျပ်အောင်တပ်ထားကြောင်း သေချာပါစေ။


Untitled-9 47 2023-11-10 2:25:14

ထိန်းသိမ်းပြုပြင်ခြင်း


ဆပ်ပြာမှုန့်ထည့်အံဆွဲ




1. ဆပ်ပြာမှုန့်ထည့်သည့်အံကို လုံးဝဆွဲထုတ်လိုက်ပါ။



2. ဖယ်ရှားရန်အတွက်၊ အစွန်းတစ်ဖက်စီကိုတွန်းထားပြီး ဆပ်ပြာမှုန့်အံကို ဆွဲထုတ်ပါ။




3. အကန့်များမှ ပူဖောင်းကစ် (A) ကို ဖယ်ရှားပါ။ ပူဖောင်းကစ် (A) နှင့် အံကို ရေနွေးနွေးနှင့်ဆေးကာ နူးညံ့သောဘရက်ရှ်ဖြင့် သန့်စင်ပါ။



4. သတ္တုမပါသော ဘရက်ရှ်အသေးလေးဖြင့် အံအဝကို သေချာစွာသန့်စင်ပါ။

Untitled-9 48 2023-11-10 2:25:15



5. ပူဖောင်းကစ် (A) ကို ဆပ်ပြာမှုန့်ထည့်သည့်အကန့်တွင် ပြန်ထည့်ပါ။ အံကို အောက်သို့ဆောင်းထားကာ အကန့်လမ်းကြောင်း (B) ပေါ်တွင် အံလမ်းကြောင်း (A) ကို ထားရှိ၍ အံကို ပြန်လည်ထားရှိပါ။
6. အံဆွဲကို လုံးဝပြန်ပိတ်ပါ။

Untitled-9 49 2023-11-10 2:25:15

ချွတ်ယွင်းချက် အဖြေရှာခြင်း

စစ်ဆေးရန်နေရာများ

သင့်တွင် အဝတ်လျှော်စက်နှင့်ပတ်သက်ပြီး ပြဿနာတစ်ခု ကြုံတွေ့ရပါက အောက်ပါဇယားကွက်ကို ပထမဆုံးကြည့်ပြီး အကြံပြုချက်များကို ကြိုးစားလုပ်ဆောင်ကြည့်ပါ။

ပြဿနာ	လုပ်ဆောင်ချက်
မဖွင့်ပါနှင့်။	• အဝတ်လျှော်စက်အတွက် အမြင့်ဆုံးခွင့်ပြုထားသည့် ပါဝါမီးအဝင်နှုန်းကို သင် အသုံးပြုထားကြောင်း သေချာပါစေ။ • ပါဝါမီးကြိုးကို လုံးဝတပ်ထားကြောင်း သေချာပါစေ။ • ဖျူးစ်ကို စစ်ကြည့်ပါ (သို့မဟုတ်) ဆားကစ်ဘရိတ်ကာကို ပြန်ဆက်ပါ။
စတင်မသုံးပါနှင့်။	• အဖုံး ပိတ်ထားကြောင်း သေချာပါစေ။ • ရေပိုက်ခေါင်းများကို ဖွင့်ထားကြောင်း သေချာပါစေ။ • အဝတ်လျှော်စက်ကို စတင်ရန်အတွက် စတင်ပါ/ခေတ္တရပ်ပါ ကိုနှိပ်ရန် (သို့မဟုတ် စတင်ပါ/ခေတ္တရပ်ပါ ကို 3 စက္ကန့်ကြာ ဖိ၍ နှိပ်ထားရန်) သေချာပါစေ။ • Child Lock (ကလေးလော့ခ်) ကို ဖွင့်မထားကြောင်း သေချာပါစေ။ • အဝတ်လျှော်စက်အတွင်း စတင်မထည့်မီ အဖုံးကို လော့ခ်ချထားခြင်း ရှိ မရှိ စစ်ဆေးရန် ကလစ်မြည်သံများ အစဉ်လိုက် ထွက်ပေါ်လာလိမ့်မည်ဖြစ်ပြီး ရေအမြန်စွန့်ထုတ်ပါလိမ့်မည်။ (၎င်းသည် အဖုံးလော့ခ်ချသည့်အင်္ဂါရုပ်ပါရှိသော မော်ဒယ်များတွင်သာ သက်ဆိုင်ပါသည်။) • စည်ပိုင်းလှည့်သည့် စက်ဝန်းအချိန်အတွင်း အဖုံးကို ဖွင့်ခဲ့ပါသလား။ အဖုံးကိုပိတ်ကာ၊ ပြန်စရန် စတင်ပါ/ခေတ္တရပ်ပါ ကိုနှိပ်ပါ (သို့မဟုတ် စတင်ပါ/ခေတ္တရပ်ပါ ကို 3 စက္ကန့်ကြာ ဖိ၍ နှိပ်ထားပါ)။ (၎င်းသည် အဖုံးလော့ခ်ချသည့်အင်္ဂါရုပ် မပါသော မော်ဒယ်များတွင်သာ သက်ဆိုင်ပါသည်။) • အဝတ်လျှော်စက်သည် အသင့်အနေအထားတွင် ရှိနေပါမည် (သို့မဟုတ်) ရေနှစ်စိမ်သည့် စက်ဝန်းတွင် ရှိနေပါမည်။ ကျေးဇူးပြု၍ စောင့်ပါ။ • ဖျူးစ်ကို စစ်ကြည့်ပါ (သို့မဟုတ်) ဆားကစ်ဘရိတ်ကာကို ပြန်ဆက်ပါ။

Untitled-9 50 2023-11-10 2:25:15

ပြဿနာ	လုပ်ဆောင်ချက်
ရေ မလာပါ။	• ရေပုံပိုးမှုကိုရွေးပြီးနောက် စတင်ပါ/ခေတ္တရပ်ပါ ကိုနှိပ်ရန် (သို့မဟုတ် စတင်ပါ/ခေတ္တရပ်ပါ ကို 3 စက္ကန့်ကြာ ဖိ၍ နှိပ်ထားရန်) သေချာပါစေ။ • ရေပိုက်ခေါင်းများကို ဖွင့်ထားကြောင်း သေချာပါစေ။ • ရေပေးသည့် ပိုက်ချိတ်ဆက်ကိရိယာတွင်ရှိသည့် စစ်ထုတ်ရေး ဇကာကွက်မှာ ပိတ်ဆို့နေပါသလား။ သွားပွတ်တံဖြင့် ပွတ်တိုက်ခြင်းဖြင့် စစ်ထုတ်ရေး ဇကာကွက်ကို သန့်ရှင်းရေးလုပ်ပါ။ • ရေအဝင် ပြတ်တောက်နေပါသလား။ ရေပေးဝေမှု ပြတ်သွားပါက ရေပိုက်ခေါင်းကို ပိတ်ပြီး ပါဝါမီးပိတ်ပါ။ • ရေပေးဝေရေး ပိုက်များကို ဖြောင့်ကြည့်ပါ။ • ဖွင့်ကာ ပြန်ပိတ်ပြီး၊ စတင်ပါ/ခေတ္တရပ်ပါ ကိုနှိပ်ပါ (သို့မဟုတ် စတင်ပါ/ခေတ္တရပ်ပါ ကို 3 စက္ကန့်ကြာ ဖိ၍ နှိပ်ထားပါ)။ • ရေဖိအား နည်းပါက စတင်အဝတ်လျှော်ဖို့ အချိန်ပိုကြာတတ်ပါသည်။ • Water Level (ရေပမာဏ)သည် လိုအပ်သလောက် မမြင့်ပါက (သို့မဟုတ်) မျှော်မှန်းထားသည်ထက် နည်းနေပါက Water Level (ရေပမာဏ)ကို ချိန်ညှိရန် ရေပမာဏရွေးချယ်ရေးကိရိယာကို အသုံးပြုပါ။
လျှော်ဖွပ်ရေးစက်ဝန်းတစ်ကြိမ်အပြီး အလိုအလျောက် ဆပ်ပြာမှုန့်ထုတ်ပေးသည့်စက်တွင် ဆပ်ပြာကျန်နေပါမည်။	• အဝတ်လျှော်စက်ကို လုံလောက်သော ရေဖိအားဖြင့် လည်ပတ်အသုံးပြုနေကြောင်း သေချာပါစေ။ • ဆပ်ပြာမှုန့်အံဆွဲကို မှန်မှန်ကန်ကန် ထည့်ထားကြောင်း သေချာပါစေ။ • ဆပ်ပြာမှုန့်အံဆွဲကို ဖယ်ပြီး သန့်ရှင်းရေးလုပ်ပြီးနောက် ထပ်မံကြိုးစားကြည့်ပါ။

Untitled-9 51 2023-11-10 2:25:15

ချွတ်ယွင်းချက် အဖြေရှာခြင်း

ပြဿနာ	လုပ်ဆောင်ချက်
ဤလုပ်ဆောင်ချက်ကို ဖွင့်ရန် သင့်အနေဖြင့် Play Store သို့မဟုတ် Apple Store တွင် Samsung Smart Washer အက်ပ်ကို ပထမဦးစွာ ဒေါင်းလုတ်ဆွဲရမည်ဖြစ်ပြီး ကင်မရာလုပ်ဆောင်ချက် ထည့်သွင်းပါဝင်သည့် မိုဘိုင်းဖုန်းတွင် အဆိုပါအက်ပ်ကို ထည့်ရပါမည်။

Smart Check (အဆင့်မြင့် စစ်ဆေးမှု) လုပ်ဆောင်ချက်ကို Galaxy နှင့် iPhone ဖုန်းစီးရီး (သက်ဆိုင်ရာမော်ဒယ်များသာ) အတွက် အကောင်းဆုံးချိန်ညှိပြီး ဖြစ်ပါသည်။

1. Smart Check (အဆင့်မြင့် စစ်ဆေးမှု) စနစ်သို့ ဝင်ရောက်ရန် Wash (လျှော်ဖွပ်မှု) နှင့် Rinse (ရေလျှော်မည်) ကို 3 စက္ကန့်ခန့် တစ်ပြိုင်နက် ဖိပြီးနှိပ်ထားပါ။
2. အဝတ်လျှော်စက်သည် ကိုယ်တိုင် ချွတ်ယွင်းချက်ရှာဖွေရေး လုပ်ထုံးလုပ်နည်းကို စတင်လုပ်ဆောင်ပြီး ပြဿနာတစ်ခုရှာတွေ့ပါက အချက်အလက်ကုဒ်ကို ပြပါမည်။
3. သင့်မိုဘိုင်းကိရိယာတွင် Samsung Smart Washer အက်ပ်ကို ဖွင့်ပြီး Smart Check (အဆင့်မြင့် စစ်ဆေးမှု) ကို နှိပ်ပါ။
4. မိုဘိုင်းဖုန်းနှင့် အဝတ်လျှော်စက်သည် မျက်နှာချင်းဆိုင်ဖြစ်နေစေဖို့ မိုဘိုင်းဖုန်းကို အဝတ်လျှော်စက်၏ ဖန်သားပြင်အနီးတွင် ထားပါ။ ထို့နောက်၊ အချက်အလက်ကုဒ်ကို အက်ပ်မှ အလိုအလျောက် သတိပြုမိပါလိမ့်မည်။
5. အချက်အလက်ကုဒ်ကို မှန်မှန်ကန်ကန် သတိပြုမိသောအခါ၊ အက်ပ်မှ သက်ဆိုင်ရာ ဖြေရှင်းနည်းများနှင့်အတူ ထိုပြဿနာနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်ကို ပေးပါလိမ့်မည်။

မှတ်ချက်

- ဘာသာစကားအပေါ် မူတည်ပြီး Smart Check (အဆင့်မြင့် စစ်ဆေးမှု) ဆိုသည့် လုပ်ဆောင်ချက်အမည်မှာ ကွဲပြားနိုင်ပါသည်။
- အဝတ်လျှော်စက်ဖန်သားပြင်ပေါ်တွင် အလင်းမီး ခပ်ပြင်းပြင်းထင်ဟပ်ပါက၊ အက်ပ်သည် အချက်အလက်ကုဒ်ကို သတိမပြုမိနိုင်ပါ။
- အက်ပ်သည် Smart Check (အဆင့်မြင့် စစ်ဆေးမှု) ကုဒ်ကို အသိအမှတ်ပြုခြင်း ဆက်တိုက်မအောင်မြင်ပါက အက်ပ်ဖန်သားပြင်ပေါ်သို့ အချက်အလက်ကုဒ်ကို ကိုယ်တိုင်ထည့်သွင်းပါ။

Untitled-11 27 2023-11-10 2:31:10

သင် စတင်မသုံးမီ

လျှော်ဖွပ်ရေး လမ်းညွှန်ချက်များ

စစ်ဆေးရန်နေရာများ

- အစွန်းအထင်းများ (သို့မဟုတ်) အညစ်အကြေးကို စစ်ကြည့်ပါ။ ဆပ်ပြာမှုန့်အနည်းငယ်ကို အဖြူရောင်ပဝါတွင် ဖြူးလိုက်ပါ။ အညစ်အကြေး (သို့မဟုတ်) အစွန်းအထင်းအရောင်မှာ အဖြူရောင်ပဝါပေါ် ပြောင်းသွားစေရန် အဆိုပါပဝါနှင့် ညစ်ပေသော အဝတ်အစားများကို အတူပွတ်လိုက်ပါ။
- အဝတ်မလျှော်မီ အင်္ကျီလက်များ၊ ကော်လံများ၊ ခါးက်ချုပ်ထားသောနေရာများနှင့် အိတ်ကပ်များကို ဆပ်ပြာမှုန့်နှင့် ဘရက်ရှ်တိုက်ခြင်းဖြင့် ကြိုတင်လျှော်ထားပါ။
- သိုးမွေးနှင့်လုပ်ထားသည့် တွန့်ကြေဒဏ်ခံနိုင်သော အဝတ်အစားများကို မလျှော်ဖွပ်မီ ချည်မျှင်များဖြင့် ချည်နှောင်ပြီး အထူးတလည် လျှော်ဖွပ်ရပါမည်။ လျှော်ဖွပ်ကာ အဝတ်ခြောက်ပြီးနောက် ချည်မျှင်များကို ဖယ်ရှားပါ။

⚠ သတိ

- စည်ပိုင်းအတွင်း စောင်ထည်များကို မထည့်ပါနှင့် (သို့မဟုတ်) မထားပါနှင့်။
- အဝတ်လျှော်စက်အတွင်း (သို့မဟုတ်) စက်အပေါ်တွင် ဖယောင်းတိုင်များ (သို့မဟုတ်) အပူရှိသည့်အရာကို မထားပါနှင့်။
- ဤအဝတ်အစားများကို မလျှော်ဖွပ်ပါနှင့်-
  - နက်ကတိုင်များ၊ ဘရာဇီယာများ၊ ဂျက်ကတ်အင်္ကျီများ၊ အနောက်တိုင်းဝတ်စုံများနှင့် ကုတ်အင်္ကျီများတွင် အဝတ်စကျံ့ခြင်း (သို့မဟုတ်) အရောင်စွန်းခြင်းဖြင့် အလွယ်တကူ ပုံပျက်နိုင်ပါသည်။ ဤအဝတ်အစားများကို ပိုးတု၊ ပေါ်လီနိုးဆစ်၊ အင်္ကျီလက်အနားခေါက် နှင့်/သို့မဟုတ် ရောစပ်ချည်မျှင် အထည်သားဖြင့် အဓိက ဖန်တီးချုပ်လုပ်ထားပါသည်။
  - အကြေသား၊ ဖောင်းကြွသော (သို့မဟုတ်) ကော်နှင့် ပုံသွင်းထားသော အဝတ်အစားများမှာ ရေထဲနှစ်လိုက်ရုံဖြင့် အလွယ်တကူ ပုံပျက်သွားနိုင်ပါသည်။
  - ချည်သား၊ သိုးမွေးသား၊ တွန့်ကြေသည့် ပိုးထည်၊ သားရေထည်နှင့် တွဲဖက်ပစ္စည်းများဖြင့် လုပ်ထားသည့် အလွယ်တကူ အရောင်ကျတ်သည့် အဝတ်အစားများအပြင် သားရေ တန်ဆာဆင်ထားသော အဝတ်အစားများနှင့် တွဲဖက်ပစ္စည်းများ။
  - ရေစိုခံ အိပ်ရာခင်းများ၊ မွေ့ယာများ (သို့မဟုတ်) သိုးမွေးဂွမ်းကပ်အိပ်ရာဖုံးများ၊ မိုးကာများ၊ ငါးမျှားထွက် ဂျက်ကတ်အင်္ကျီများနှင့် ဘောင်းဘီရှည်များ၊ နှင်းလျှော စီးအဝတ်အစား၊ ခေါက်သိမ်းနိုင်သော ခရီးဆောင် အိပ်ရာများ၊ သေးဝမ်းခံအထည်များ၊ ခွေးစိုခံအားကစားဝတ်စုံများ၊ မော်တော်ကားများ၊ စက်ဘီးများနှင့် မော်တော်ဆိုင်ကယ်ဖုံး မိုးကာများ၊ ရေချိုးခန်းသုံး အခင်းများနှင့် အခြားသော ရေစိုခံပစ္စည်းများ။

Untitled-11 28 2023-11-10 2:31:10

အဆင့် 1 စီပါ

ဤစံသတ်မှတ်ချက်များအရ လျှော်ဖွပ်ရမည့် အဝတ်အစားကို မျိုးတူခွဲပါ -

- သတိပြုရမည့် အမှတ်အသား - လျှော်ဖွပ်ရမည့် အဝတ်အစားကို ချည်သား၊ ရောစပ်ချည်ထည် အမျိုးအစား၊ ဓာတုပစ္စည်းသုံး အထည်များ၊ ပိုးသား၊ သိုးမွေးနှင့် ပိုးတုဟူ၍ မျိုးတူခွဲခြားပါ။
- အရောင်- အဖြူရောင်နှင့် အခြားအရောင်များကို ခွဲခြားပါ။
- အရွယ်အစား - အရွယ်အစားမတူညီသည့် အဝတ်အစားများကို စည်ပိုင်းအတွင်း အတူရောထားခြင်းက လျှော်ဖွပ်သည့် လုပ်ဆောင်ချက်ကို ပိုကောင်းစေပါသည်။
- ထိခိုက်ပျက်စီးလွယ်ခြင်း - ဖြူစင်သည့် အဝတ်အစား၊ သိုမွေးထည်အသစ်များ၊ လိုက်ကာများနှင့် ပိုးထည်များကဲ့သို့သော နူးညံ့သည့် အဝတ်အစားများ၏ အတွင်းတံဆိပ်တွင် ဖော်ပြထားသည့် အထူးသတိပြုရမည့် လမ်းညွှန်ချက်များကို လိုက်နာပါ။

မှတ်ချက်

အဝတ်အစားပေါ်တွင်ရှိသည့် သတိပြုရမည့် အမှတ်အသားကို သေချာစစ်ကြည့်ပြီး စတင်မလျှော်ဖွပ်မီ ၎င်းတို့ကို သင့်တော်သလို မျိုးတူခွဲပါ။

အဆင့် 2 အိတ်ကပ်များထဲတွင် ဘာမှမရှိပါစေနှင့်

လျှော်ဖွပ်ရမည့် သင့်အဝတ်အစားများ၏ အိတ်ကပ်အားလုံးထဲမှ ပစ္စည်းများကို ထုတ်ပြီး အညစ်အကြေး နှင့်/သို့မဟုတ် မြေမှုန်များကို ဖယ်ရှားပစ်ပါ။

- ဒင်္ဂါးပြားများ၊ ပင်အပ်များနှင့် အဝတ်အစားပေါ်ရှိ ခါးပတ်ခေါင်းများကဲ့သို့သော သတ္တုအရာဝတ္ထုများက လျှော်ဖွပ်သည့် အခြားအဝတ်အစားများအပြင် စည်ပိုင်းကိုလည်း ပျက်စီးစေနိုင်ပါသည်။
- ကြယ်သီးပါသည့်အထည်များနှင့် ပန်းထိုးထည်များကို ပြောင်းပြန်လှန်ပါ။
- အဝတ်လျှော်နေစဉ် ဘောင်းဘီ (သို့မဟုတ်) ဂျက်ကတ်ဖစ်များ ပွင့်နေပါက ကန် ပျက်စီးနိုင်ပါသည်။
- ဇစ်များကို ပိတ်ထားပြီး ကြိုးနှင့် ချည်ထားသင့်ပါသည်။
- ကြိုးအရှည်များပါဝင်သည့် အဝတ်အစားမှာ အခြားအဝတ်များနှင့် ရစ်ပတ်ငြိလာနိုင်ပါသည်။ မလျှော်ဖွပ်မီ အဆိုပါကြိုးများကို သေချာချည်ထားပါ။

Untitled-11 29 2023-11-10 2:31:10

သင် စတင်မသုံးမီ

အဆင့် 3 အဝတ်လျှော်ပိုက်ကွန်အိတ်ကို အသုံးပြုပါ သို့မဟုတ် အချို့အဝတ်အစားများကို သီးခြားလျှော်ဖွပ်ပါ

- (ရေနှင့် လျှော်ဖွပ်လို့ရသည့်) ဘရာစီယာများကို အဝတ်လျှော်ပိုက်ကွန်အိတ်အတွင်း ထည့်ထားရပါမည်။ ဘရာစီယာများ၏ သတ္တုအစိတ်အပိုင်းများက လျှော်ဖွပ်ရမည့် အခြားအဝတ်အစားများကို စုတ်ဖြန်းနိုင်ပါသည်။
- ချည်ခင်အပျော့ထည်၊ ကြီးမားသော အဝတ်အစားပမာဏနှင့် ပေါ့ပါးသည့် အဝတ်အစားများ (ဇာပန်းထည်များ၊ အမျိုးသမီးအတွင်းခံ၊ နိုင်လွန်ခြေအိတ်ရှည်နှင့် လူလုပ်ဓာတုသုံး အထည်များ) သည် လျှော်ဖွပ်နေစဉ် ရေပေါ်တွင် ပေါလောပေါ နေနိုင်ပြီး စက်ကို ပြဿနာများ ဖြစ်စေနိုင်ပါသည်။ အဝတ်လျှော်ပိုက်ကွန်အိတ်ကို အသုံးပြုပါ (သို့မဟုတ်) ထိုအဝတ်အစားများကို သီးခြားလျှော်ဖွပ်ပါ။
- အခြားလျှော်စရာအဝတ်များ မပါဘဲ အဝတ်လျှော်ပိုက်ကွန်အိတ်ချည်းသက်သက် မလျှော်ပါနှင့်။ ၎င်းက အဝတ်လျှော်စက်ကို လှုပ်ရှားစေနိုင်သည့် ပုံမှန်မဟုတ်သော တုန်ခါမှုများကို ဖြစ်စေနိုင်ပြီး ထိခိုက်ဒဏ်ရာ ရရှိစေနိုင်ပါသည်။

⚠ သတိ


အဝတ်လျှော်ဖွပ်ရေး စက်ဝန်းကို မလည်ပတ်မီ (စောင်များနှင့် ချည်ထည် သို့မဟုတ် မိုက်ခရိုဖိုင်ဘာ ဂွမ်းထည်အိပ်ရာဖုံးများကဲ့သို့သော) ဖောင်းပွနိုင်သည့် အဝတ်အစားများကို ရေထဲ သေချာနှစ်စိမ်ပါ။

- ဖောင်းပွနိုင်သည့် အဝတ်အစားများက လျှော်ဖွပ်နေစဉ်အတွင်း (သို့မဟုတ်) အဝတ်အခြောက်ခံစဉ်အတွင်း လျှော်ဖွပ်ရမည့်အဝတ်အစား (သို့မဟုတ်) စက်ကို ထိခိုက်ပျက်စီးစေနိုင်ပါသည်။
- အရွယ်အစားကို ပမာနမထားဘဲ တစ်ကြိမ်လျှင် တစ်ထည်နှုန်းဖြင့် စောင်များ (သို့မဟုတ်) ဂွမ်းကပ်အိပ်ရာဖုံးများကို လျှော်ဖွပ်ခြင်းက ပိုမိုဘေးကင်းစိတ်ချရပြီး ပိုမိုသန့်ရှင်းစင်ကြယ်စေပါသည်။ ပမာဏအတူသည့် အရွယ်အစား မတူညီသော စောင်နှစ်ထည်က ဟန်ချက်မညီသည့် ပမာဏကြောင့် အထည်အခြောက်ခံသည့်လုပ်ငန်းစဉ်ကို ထိခိုက်စေနိုင်ပါသည်။

Untitled-11 30 2023-11-10 2:31:10

စောင်ကို ထည့်ရန်

ပြထားသည့်အတိုင်း စောင်ကို ခေါက်ပါ။ ထို့နောက် စည်ပိုင်းအတွင်း မထည့်မီ စည်ပိုင်း၏ ပလတ်စတစ်နှင့်လုပ်ထားသော အပိုင်း (A) တွင် ၎င်းကို ထားပါ။



Untitled-11 31
2023-11-10 2:31:10

သင် စတင်မသုံးမီ

အဆင့် 4 ကြိုတင်လျှော်ပါ (လိုအပ်ပါက)

- ကော်လံများ၊ အင်္ကျီလက်များ၊ ခေါက်ချုပ်ထားသောနေရာများနှင့် အိတ်ကပ်များပေါ်ရှိ အစွန်းအထင်းများနှင့် အညစ်အကြေးကို ဖယ်ရှားရန် ဆပ်ပြာမှုန့် အနည်းငယ်ဖြူးပြီး ဘရက်ရှ်နှင့် တိုက်ပါ။
- ဆပ်ပြာမှုန့် (သို့မဟုတ်) ဆပ်ပြာမှုန့် အရည်ကို အသုံးပြုပါ။ ဆပ်ပြာက လျှော်ဖွပ်ပြီးနောက် စည်ပိုင်းအတွင်း ကျန်ခဲ့နိုင်သောကြောင့် ၎င်းကို မသုံးပါနှင့်။
- ခြေအိတ်အဖြူများ၊ အင်္ကျီလက်များ၊ ကော်လံများကို ဆပ်ပြာမှုန့်အနည်းငယ်နှင့် ဘရက်ရှ်သုံးပြီး ကနဦးလျှော်ဖွပ်ပါ။

⚠ သတိ

လျှော်ဖွပ်ရမည့်အဝတ်အစားကို လုံးဝထည့်ထားပြီးဖြစ်ကြောင်း သေချာပါစေ။

- လျှော်ဖွပ်ရမည့်အဝတ်အစား အစတစ်ခုခုထွက်နေပါက အဝတ်လျှော်စက် (သို့မဟုတ်) ထိုအဝတ်အစားကိုပင် ပျက်စီးစေနိုင်ပါသည် (သို့မဟုတ်) ရေယိုစိမ့်ထွက်စေနိုင်ပါသည်။
- လျှော်ဖွပ်ရမည့်အဝတ်အစားမှာ အထက်ပါပုံတွင်ပြထားသည့် ပလတ်စတစ်အစိတ်အပိုင်း (A) ထက် မကျော်လွန်ကြောင်း သေချာပါစေ။

အဆင့် 5 လျှော်မည့်အဝတ်အစား ပမာဏကို ဆုံးဖြတ်ပါ

လျှော်ဖွပ်ရမည့်အဝတ်အစားမှာ စာမျက်နှာ 31 တွင်ရှိသော ပုံတွင်ပြထားသည့် ပလတ်စတစ်ဇရိယာ (A) ထက် မကျော်လွန်ကြောင်း သေချာပါစေ။ ထိုသို့မဟုတ်ပါက အဝတ်လျှော်စက်သည် မှန်မှန်ကန်ကန် မလျှော်ဖွပ်နိုင်မည်မဟုတ်ပါ (သို့မဟုတ်) အဝတ်လျှော်စက် (သို့မဟုတ်) ထိုအဝတ်အစားကိုပင် ပျက်စီးစေနိုင်ပါသည် (သို့မဟုတ်) ရေယိုစိမ့်ထွက်စေနိုင်ပါသည်။

📄 မှတ်ချက်

အိပ်ရာခင်း (သို့မဟုတ်) အိပ်ရာခင်းအဖုံးများကို လျှော်ဖွပ်သောအခါ လျှော်ဖွပ်သည့်အချိန် ရှည်ကြာနိုင်ပါသည် (သို့မဟုတ်) စည်ပိုင်းလည်ပတ်လျှော်ဖွပ်နိုင်စွမ်း လျော့ကျနိုင်ပါသည်။ အိပ်ရာခင်း သို့မဟုတ် အိပ်ရာခင်းအဖုံးများအတွက် အကြံပြုထားသော ပမာဏမှာ 3.5 kg သို့မဟုတ် ထို့ထက်နည်းပါသည်။

⚠ သတိ

လျှော်ဖွပ်ရမည့်အဝတ်အစား ပမာဏ ဟန်ချက်မညီဖြစ်ကာ "Ub" အချက်အလက်ကုဒ်ကို ပြပါက လျှော်ရမည့်ပမာဏကို ပြန်လည်မျှတအောင်လုပ်ပါ။ ဟန်ချက်မညီသော လျှော်ဖွပ်ရမည့် အဝတ်အစားပမာဏသည် စည်ပိုင်းလည်ပတ်လျှော်ဖွပ်နိုင်စွမ်းကို ကျစေနိုင်ပြီး အဝတ်လျှော်စက် (သို့မဟုတ်) ထိုအဝတ်အစားကိုပင် ပျက်စီးစေနိုင်ပါသည်။

Untitled-11 32 2023-11-10 2:31:10

အဆင့် 6 မှန်ကန်သော ဆပ်ပြာမှုန့်အမျိုးအစားကို အသုံးပြုပါ

ဆပ်ပြာမှုန့်အမျိုးအစားသည် အထည်အမျိုးအစား (ချည်ထည်၊ ဓာတုသုံးအထည်၊ နူးညံ့သော အထည်များ၊ သိုးမွေး)၊ အရောင်၊ လျှော်ဖွပ်ရမည့်အပူချိန်နှင့် ညစ်ပေစွန်းထင်းသည့် အတိုင်းအတာအပေါ် မူတည်ပါသည်။ အလိုအလျောက် စက်သုံးအဝတ်လျှော်စက်များအတွက် ထုတ်ထားသော "အမြှုပ်ထွက်အားနည်းသည့်" အဝတ်လျှော် ဆပ်ပြာမှုန့်ကို အမြဲသုံးပါ။

⚠ သတိ

- သင့်တော်သည့် ဆပ်ပြာမှုန့်ပမာဏကို အသုံးပြုပါ။ ဆပ်ပြာမှုန့်ပမာဏ လွန်ကဲခြင်းက အဝတ်လျှော်ဖွပ်မှုရလဒ်များကို များစွာပိုကောင်းစေမည် မဟုတ်သလို ရေလျှော်နိုင်စွမ်းကို လျော့ကျစေသောကြောင့် လျှော်ဖွပ်ရမည့်အဝတ်အစားကို ပျက်စီးစေပါသည်။
- အစွန်းချွတ်ဆေးသည် သဘာဝအရ အယ်ကာလီအပြင်းစား ဖြစ်ပြီး လျှော်ဖွပ်ရမည့်အဝတ်အစားကို ပျက်စီးခြင်း (သို့မဟုတ်) အရောင်ကျွတ်ခြင်း ဖြစ်စေနိုင်ပါသည်။
- လျှော်ဖွပ်ရမည့်အဝတ်အစားတွင် ဆပ်ပြာမစင်ခြင်းနှင့် လျှော်ဖွပ်ပြီးနောက် အနှံ့ဆိုးကျန်နိုင်ခြေအရမ်းများသည့် ဆပ်ပြာမှုန့်ကို အသုံးပြုသောအခါ ရေလျှော်သည့် လျှော်ဖွပ်မှုစက်ဝန်းကို ပိုရှည်ကြာစွာ (သို့မဟုတ်) ထပ်မံ ပြုလုပ်ပါ။
- အထူးသဖြင့် ရေအေးနှင့်အတူ ဆပ်ပြာမှုန့်ပမာဏ အလွန်အကျွံအသုံးပြုပါက ဆပ်ပြာမှုန့် ကောင်းကောင်းစင်မည် မဟုတ်ပါ။ ၎င်းက လျှော်စရာအဝတ်အစား၊ ရေပိုက်များ နှင့်/သို့မဟုတ် စည်ပိုင်းကို ညစ်ညမ်းစေပါသည်။
- အချိန်သတ်မှတ်ပြီး လျှော်ဖွပ်သည့်အခြေအနေတွင် လျှော်ဖွပ်ရမည့်အဝတ်အစား (သို့မဟုတ်) စည်ပိုင်းအတွင်း တိုက်ရိုက် ဆပ်ပြာမှုန့်မထည့်ပါနှင့်။ လျှော်ဖွပ်ရမည့်အဝတ်အစားမှာ အရောင်ကျွတ်နိုင်ပါသည်။ ဆပ်ပြာမှုန့်အံဆွဲကို အသုံးပြုပါ။
- သိုးမွေးထည်အတွက် လျှော်ဖွပ်ရေးစက်ဝန်းကို အသုံးပြုပြီး သိုးမွေးထည်ကို လျှော်ဖွပ်သောအခါ အဝတ်အစား အရောင်ကျွတ်ခြင်းကို ရှောင်ရှားနိုင်ရန် အယ်ကာလီပိုကဲသည့် ဆပ်ပြာမှုန့်ကိုသာ အသုံးပြုပါ။


📄 မှတ်ချက်

- လျှော်ဖွပ်ရမည့် အဝတ်အစားအလေးချိန်၊ ညစ်ပေစွန်းထင်းမှု ပမာဏနှင့် သင့်ဒေသ၏ ရေစေးထန်မှုအပေါ် အခြေခံပြီး ဆပ်ပြာမှုန့်ထုတ်လုပ်သူ၏ အကြံပြုချက်များကို လိုက်နာပါ။ ရေစေးထန်မှုနှင့်ပတ်သက်ပြီး သင် မသေချာဖြစ်နေပါက ဒေသတွင်း သောက်သုံးရေ အာဏာပိုင်ကို ဆက်သွယ်ပါ။
- စေးထန်စေတတ်သည့် (သို့မဟုတ်) ပျစ်စေတတ်သည့် ဆပ်ပြာမှုန့်ကို မသုံးပါနှင့်။ ရေလျှော်သည့် လုပ်ငန်းစဉ်အပြီး ထိုဆပ်ပြာမှုန့်မှာ မစင်ဘဲကျန်နေနိုင်ပြီး ရေစွန့်ထုတ်ပေါက်ကို ပိတ်နိုင်ပါသည်။

Untitled-11 33 2023-11-10 2:31:10

စက်လည်ပတ်ပုံ

ထိန်းချုပ်ခလုတ်စုံ



01 ပါဝါ	အဝတ်လျှော်စက်ကို ဖွင့်/ပိတ်ရန် နှိပ်ပါ။
02 Cycles (အစီအစဉ်များ)	လိုချင်သည့်အစီအစဉ်ရွေးရန် နှိပ်ပါ။
03 စတင်ပါ/ခေတ္တရပ်ပါ	စက်လည်ပတ်အသုံးပြုမှုကို စတင်ရန် သို့မဟုတ် ခဏရပ်ရန် နှိပ်ပါ။
04 စက်ဝန်းညှိနှိပြသည့်အရာများ	လျှော်ဖွပ်သည့်အစီအစဉ်တစ်ခုချင်းစီ၏ဘေးဘက်ရှိ ညှိနှိပြသည့်အရာသည် ရွေးထားသောစက်ဝန်းကို ညှိနှိပြရန် ပွင့်လာပါသည်။
05 ပြသချက်	လက်ရှိ အစီအစဉ်အချက်အလက်နှင့် ခန့်မှန်းကျန်ရှိချိန်၊ သို့မဟုတ် အဝတ်လျှော်စက်ကို စစ်ဆေးရန်လိုအပ်ပါက အချက်အလက်ကုတ်အား ဖော်ပြပေးပါသည်။
06 Air Turbo (လေတာဝိုု)	သင့်အဝတ်များ အမြန်ခြောက်သွားစေရန် ဤခလုတ်ကို နှိပ်ပါ။ Spin (လှည့်ပါ) ရွေးချယ်ခွင့်ကို သတ်မှတ်ထားမှသာ Air Turbo (လေတာဝိုု) လုပ်ဆောင်ချက်ကို ရွေးချယ်နိုင်ပါသည်။
07 Water Level (ရေပမာဏ)	ရေပမာဏကို မန်နျူရယ်ပြောင်းရန် နှိပ်ပါ။
08 Wash (လျှော်ဖွပ်မှု)	လျှော်ဖွပ်ချိန်ကို မန်နျူရယ်အတိုင်း ရွေးရန် နှိပ်ပါ သို့မဟုတ် လျှော်ဖွပ်မှု စက်ဝန်းကိုသာ စတင်ရန် ဖိကာ နှိပ်ထားပါ။
09 Rinse (ရေလျှော်မည်)	ရေလျှော်သည့်အကြိမ်ရေ (အများဆုံး 5 ကြိမ်) ကိုပြောင်းရန်နှိပ်ပါ သို့မဟုတ် ရေလျှော်မှုအစီအစဉ်ကိုသာစရန် ဖိကာနှိပ်ထားပါ။
10 Spin (လှည့်ပါ)	မတူသောရေညှစ်ခြင်းအမြန်နှုန်းကိုရွေးရန် နှိပ်ပါ သို့မဟုတ် ရေညှစ်ခြင်းအစီအစဉ်ကိုသာစတင်ရန် ဖိကာနှိပ်ထားပါ။

Untitled-11 34
2023-11-10 2:31:10

11 Eco Bubble (အီကိုပူဖောင်း)	Eco Bubble (အီကိုပူဖောင်း) လုပ်ဆောင်ချက်ကို ဖွင့်/ပိတ်ရန် ဤခလုတ်ကို နှိပ်ပါ။ ဤလုပ်ဆောင်ချက်ကို NORMAL (ပုံမှန်) အစီအစဉ်တွင်သာ ရရှိနိုင်ပါသည်။ • Eco Bubble (အီကိုပူဖောင်း) လုပ်ဆောင်ချက်သည် ဆပ်ပြာကို သင်၏အဝတ်အထည်များအတွင်းသို့ ပိုမိုမြန်ဆန်စွာစိမ့်ဝင်ကာ ပို၍ထိရောက်မှုရှိစေရန် ကူညီပေးပါသည်။ ၎င်းက သင်၏အဝတ်အထည်များ ပျက်စီးခြင်းကိုလည်း ကာကွယ်ပေးပါသည်။
12 Deep Softener (အဝတ်ပျော့ဆေးအပြင်း)	Deep Softener (အဝတ်ပျော့ဆေးအပြင်း) ရွေးချယ်ခွင့်သည် ရေလျှော်ခြင်းလုပ်ငန်းစဉ်ကို အကောင်းဆုံးဖြစ်စေခြင်းဖြင့် ပိုမိုကောင်းမွန်ကြာရှည်သော မွှေးရနံ့ရှိစေသည့် ပျော့ဆေး၏သက်ရောက်မှုကို အကောင်းဆုံးဖြစ်အောင်လုပ်ပေးပါသည်။ ⚠ သတိ • သင်က Deep Softener (အဝတ်ပျော့ဆေးအပြင်း) ရွေးချယ်ခွင့်ကို အသုံးပြုပြီးနောက် အဝတ်များကို စက်ဖြင့်အခြောက်ခံပါက၊ ပျော့ဆေး၏မွှေးရနံ့ ပျော့သွားနိုင်ပါသည်။ • အနှံ့ပြင်းသောဆပ်ပြာမှုန့် အသုံးပြုခြင်းကလည်း အထည်ပျော့ဆေး၏ မွှေးရနံ့ကို လျော့ကျသွားစေနိုင်ပါသည်။ • ရလဒ်သည် အထည်ပျော့ဆေး၏ အမျိုးအစားပေါ်တွင် မူတည်၍ ကွဲပြားနိုင်ပါသည်။ သင်သည် အချို့သောပျော့ဆေးများနှင့်ပတ် သက်၍ မွှေးရနံ့နည်းပါးသည်ဟု ခံစားရနိုင်ပါသည် (သဘာဝ ပျော့ဆေးနှင့် ကလေးအဝတ် ပျော့ဆေး)။ မှတ်ချက် Power Tub Clean (ပါဝါ စည်ပိုင်းသန့်ရှင်းရေး) - Deep Softener (အဝတ်ပျော့ဆေးအပြင်း) ကို 3 စက္ကန့်ကြာ ဖိ၍ နှိပ်ထားပါ။ သင်သည် ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) အစီအစဉ်ကို မလုပ်ဆောင်ထားပါက သို့မဟုတ် ပို၍အားကောင်းသော စည်ပိုင်းသန့်ရှင်းရေးလုပ်ခြင်း စွမ်းဆောင်ရည်ကို လိုအပ်ပါက ဤလုပ်ဆောင်ချက်ကို သုံးပါ။ သင်သည် စည်ပိုင်းကို ပို၍စေ့စပ်စွာ သန့်ရှင်းရေးလုပ်ရန် ဆပ်ပြာ ထပ်ထည့်နိုင်ပါသည်။


Untitled-11 35 2023-11-10 2:31:11

စက်လည်ပတ်ပုံ

13 Intensive Wash (အသေးစိတ်လျှော်ဖွပ်မှု)	အဝတ်အထည်မှာ အလွန်ညစ်ညမ်းနေပြီး သေချာလျှော်ဖွပ်ရန်လိုအပ်သည့်အခါ ဤခလုတ်ကိုနှိပ်ပါ။ Intensive Wash (အသေးစိတ်လျှော်ဖွပ်မှု) ကိုဖွင့်ထားပါက အစီအစဉ်အချိန် တိုးလာမည်ဖြစ်ပါသည်။
14 Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း)	သတ်မှတ်ထားသည့်အချိန်တွင် လျှော်ဖွပ်မှုပြီးစီးရန် နှိပ်ပါ။ Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း) ဆက်တင်များကို ပယ်ဖျက်ရန်၊ အဝတ်လျှော်စက်ကို အလွယ်တကူ ပိတ်လိုက်ပါ။ Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း) အချိန်ကို 24 နာရီအထိ သင်သတ်မှတ်နိုင်ပါသည်။

Untitled-11 36 2023-11-10 2:31:11

စတင်ရန် ရိုးရှင်းသောအဆင့်များ



1. အဝတ်လျှော်စက်ကို ဖွင့်ရန် ပါဝါ ကို နှိပ်ပါ။
2. လိုချင်သောစက်ဝန်းကို ရွေးပြီးသည်အထိ Cycles (အစီအစဉ်များ) ကို ထပ်ကာထပ်ကာနှိပ်ပါ။
3. အစီအစဉ်ဆက်တင် (Water Level (ရေပမာဏ)၊ Wash (လျှော်ဖွပ်မှု)၊ Rinse (ရေလျှော်မည်)၊ နှင့်/သို့မဟုတ် Spin (လှည့်ပါ)) အား လိုအပ်သလိုပြောင်းပါ။
4. ရွေးစရာကိုထည့်ရန်၊ သက်ဆိုင်ရာခလုတ်ကိုနှိပ်ပါ။
5. စတင်ပါ/ခေတ္တရပ်ပါ ကို နှိပ်ပါ။

စက်လည်ပတ်အသုံးပြုနေစဉ် အစီအစဉ်ကိုပြောင်းရန်

1. ဆောင်ရွက်ချက်ကိုခဏရပ်ရန် စတင်ပါ/ခေတ္တရပ်ပါ ကိုနှိပ်ပါ။
2. မတူညီသော လျှော်ဖွပ်ရေးစက်ဝန်းကို ရွေးချယ်ပြီး လိုအပ်ပါက အထက်ပါ 3-4 ဆင့်ကို ထပ်ကျော့လုပ်ဆောင်ပါ။
3. လျှော်ဖွပ်ရေးစက်ဝန်းအသစ်ကို စတင်ရန် စတင်ပါ/ခေတ္တရပ်ပါ ကို ထပ်မံနှိပ်ပါ။

Untitled-11 37
2023-11-10 2:31:11

စက်လည်ပတ်ပုံ

စက်ဝန်း အကျဉ်းချုပ်

အစီအစဉ်	ဖော်ပြချက်	အများဆုံးထည့်နိုင်သည့် အဝတ်အစားပမာဏ (kg)
NORMAL (ပုံမှန်)	• ချည်ထည်များ၊ လီနင်များ၊ နှင့် ပုံမှန်အတိုင်းညစ်ပေနေသောအရာများပါဝင်သည့် အဝတ်အထည်အများစုအတွက်။	အမြင့်ဆုံး
QUICK WASH (အမြန်လျှော်ဖွပ်မှု)	• သင် အမြန်လျှော်ဖွပ်လိုသော အနည်းငယ်ညစ်ပေနေသည့်အရာများအတွက်။	အမြင့်ဆုံး
SUPER CLEAN (အထူးလျှော်ဖွပ်သန့်စင်ရေး)	• သင့်အနေဖြင့် အားကောင်းသည့် လျှော်ဖွပ်သန့်စင်နိုင်စွမ်း ဖြစ်ပေါ်စေလိုပါက ဤတစ်ခုကို ရွေးချယ်ပါ။	အမြင့်ဆုံး
DELICATES (နူးညံ့သော အထည်များ)	• ပါးလွှာသော နိုင်လွန်စများ၊ ဘရာစီယာများ၊ အမျိုးသမီးအတွင်းခံ၊ ပိုးထည်များနှင့် အခြား လက်ဖြင့်သာ လျှော်နိုင်သည့် အထည်များအတွက် အကောင်းဆုံး ရလဒ်များအတွက် ဆပ်ပြာအဆီကို သုံးပါ။	2.0
BEDDING (အိပ်ရာခင်း)	• ဂွမ်းကပ်များ၊ စောင်များ၊ နှင့် အိပ်ရာခင်းများကဲ့သို့သော ကြီးမားလေးလံသည့် အရာများအတွက်။ • အကောင်းဆုံးရလဒ်ဖြစ်စေရန်အတွက် အိပ်ရာခင်းအမျိုးအစားတစ်မျိုးကိုသာ လျှော်ဖွပ်ပါ။	3.5
AQUA PRESERVE (ရေချွေတာရေး)	• အသုံးပြုရမည့် ရေကို သင် ချွေတာလိုပါက ဤတစ်ခုကို ရွေးချယ်ပါ။ ရေလျှော်သည့် လုပ်ငန်းစဉ်တွင် အသုံးပြုသည့်ရေကို နောက်လုပ်ငန်းစဉ်အတွက် ပြန်လည်အသုံးပြုပါလိမ့်မည်။	အမြင့်ဆုံး

Untitled-11 38 2023-11-10 2:31:11

အစီအစဉ်	ဖော်ပြချက်	အများဆုံးထည့်နိုင်သည့် အဝတ်အစားပမာဏ (kg)
RINSE+SPIN (ဇရေလျှော်ခြင်း +ရေညှစ်ခြင်း)	• လျှော်မည့် အဝတ်တွင် အဝတ်အထည် နူးညံ့ပျော့ပျောင်းစေသည့် ပစ္စည်းကို သုံးပြီးနောက် ထပ်ဆောင်း ရေလျှော်ပေးသည့် လုပ်ဆောင်ချက်တစ်ခု ပါဝင်သည်။	အမြင့်ဆုံး
ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး)	• စည်ပိုင်းကို သန့်ရှင်းရေးလုပ်ရန် ဂျူတစ်ခုကို ရွေးချယ်ပါ။ အားကောင်းသည့် စည်ပိုင်းလှည့်အား၊ အညစ်အကြေးများနှင့် စည်ပိုင်းအတွင်းဘက်မှ အနံ့ဆိုးများကို ဖယ်ရှားပေးပါမည်။ • မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသော ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) ညွှန်ပြသည့်အရာသည် ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) ကိုသုံးကာ စည်ပိုင်းကိုသန့်ရှင်းရေးလုပ်ရမည့် အချိန်ဖြစ်ကြောင်း သင့်ကိုသတိပေးပါသည်။ အသေးစိတ်အချက်များအတွက် ဂျူလက်စွဲစာအုပ်တွင် သန့်ရှင်းရေး အခန်းကို ကြည့်ပါ။	–

Untitled-11 39 2023-11-10 2:31:11

စက်လည်ပတ်ပုံ

အထူး အင်္ဂါရုပ်များ

Child Lock (ကလေးလော့ခ်)

Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်သည် ကလေးများ အဝတ်လျှော်စက်အတွင်းဝင်ကာ စည်ပိုင်းအတွင်းတွင် ရေစွန်းသွားနိုင်ခြင်းကို တားဆီးရန်အတွက် လျှော်စက်အဖုံးကို လော့ခ်ချပေးပါသည်။

Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ဖွင့်ထားသည်

Water Level (ရေပမာဏ) နှင့် Wash (လျှော်ဖွပ်မှု) ကို 3 စက္ကန့်ကြာ တစ်ပြိုင်တည်း ဖိ၍ နှိပ်ထားပါ။

- Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ဖွင့်သည့်အခါ၊ Child Lock (ကလေးလော့ခ်) ညွှန်ပြသည့်အရာ မီးလင်းလာသည်။

Child Lock (ကလေးလော့ခ်) ကို အသုံးပြုခြင်း

Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကိုဖွင့်သည့်အခါ အဖုံးပွင့်နေပါက၊ "dC" ပေါ်လာပြီး အချက်ပေးသံမြည်လာပါသည်။

- စည်ပိုင်းအတွင်းရှိရေပမာဏသည် ဘေးကင်းသောရေပမာဏအထက်တွင် ရှိနေပါက၊ LED ဖန်သားပြင်ပေါ်တွင် "dC" ပေါ်လာပြီး 30 စက္ကန့်ကြာပြီးနောက် အဝတ်လျှော်စက်ကို တွန်းအားပေးကာ စတင်၍ ရေဖောက်ထုတ်စေပါမည်။
- စည်ပိုင်းအတွင်းရှိရေပမာဏသည် ဘေးကင်းသောရေပမာဏအထက်တွင် ရှိနေပြီး အဖုံးပွင့်နေစဉ်တွင် Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက် ပွင့်နေပါက၊ အဝတ်လျှော်စက်ကို ပိတ်ထားလျှင်တောင်မှ LED ဖန်သားပြင်ပေါ်တွင် "CL" ပေါ်လာကာ အဝတ်လျှော်စက်ကို တွန်းအားပေးကာ ရေစွန့်ထုတ်စေပါမည်။
- Child Lock (ကလေးလော့ခ်) ကိုဖွင့်ထားပြီး အဝတ်လျှော်စက်ကိုပိတ်ထားသည့်အခါ၊ စည်ပိုင်းအတွင်းရှိရေသည် ဘေးကင်းသောရေပမာဏအထက်တွင် ရှိနေပြီး အဖုံးပွင့်နေပါက၊ LED ဖန်သားပြင်ပေါ်တွင် "CL" ပေါ်လာပါမည်။ အချက်ပေးသံမမြည်သော်လည်း အဝတ်လျှော်စက်မှ ရေထုတ်ပါမည်။ ရေထုတ်ခြင်းလုပ်ဆောင်ချက် ပြီးစီးသောအခါ၊ ပါဝါမှာ အလိုအလျောက်ပြန်ပိတ်သွားပါမည်။
- မဖြစ်မနေရေထုတ်ပြီးနောက်၊ 1 စက္ကန့်ခြားတစ်ခါ "CL" လင်းလာကာ အဝတ်လျှော်စက်သည် "CL" မုဒ်သို့ ဝင်သွားပါမည်။ (အဝတ်လျှော်စက်သည် "CL" မုဒ်တွင် ရှိနေသည့်အခါ၊ ပါဝါ ခလုတ်သာ အလုပ်လုပ်ပါမည်။)
- "CL" မုဒ်ကိုပယ်ဖျက်ရန်၊ ပါဝါကို ပိတ်ပြီးနောက် ပြန်ဖွင့်ပါ။
- "dC" မုဒ်ကိုပယ်ဖျက်ရန်၊ Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ပိတ်ပါ။ Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ပိတ်ရန်၊ Water Level (ရေပမာဏ) နှင့် Wash (လျှော်ဖွပ်မှု) ကို ခန့်မှန်းချေ 3 စက္ကန့်ကြာ တစ်ပြိုင်တည်း ဖိ၍ နှိပ်ထားပါ။

Untitled-11 40 2023-11-10 2:31:11

Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ပိတ်ထားသည်

Water Level (ရေပမာဏ) နှင့် Wash (လျှော်ဖွပ်မှု) နှစ်မျိုးလုံးကို 3 စက္ကန့်ကြာ တစ်ပြိုင်တည်း ဖိ၍ နှိပ်ထားပါ။

- Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ပိတ်သည့်အခါ၊ Child Lock (ကလေးလော့ခ်) 🔒 ညွှန်ပြသည့်အရောင် ပိတ်သွားပါသည်။
- Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်သည် ကလေးများ သို့မဟုတ် မသန်စွမ်းသူများကို အဝတ်လျှော်စက်မောင်းနှင်မှုအတွင်း မတော်တဆဝင်သွားကာ ထိခိုက်ဒဏ်ရာရခြင်းမျိုး မဖြစ်စေရန် ကာကွယ်ပေးပါသည်။

⚠ သတိပေးချက်

အဝတ်လျှော်စက်အတွင်းသို့ ကလေးဝင်သွားပါက၊ ကလေးသည် ပိတ်မိသွားကာ မွန်းသွားနိုင်ပါသည်။

⚠ သတိ

- Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ဖွင့်လိုက်ပြီးသည်နှင့်၊ ပါဝါပိတ်ထားလျှင်တောင်မှ ၎င်းမှာ ဆက်၍အလုပ်လုပ်ပါသည်။
- အဖုံးကိုအတင်းအကြပ်ဖွင့်ခြင်းသည် ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် ထုတ်ကုန်ပျက်စီးခြင်းကို ဖြစ်စေနိုင်ပါသည်။

📝 မှတ်ချက်

Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကိုဖွင့်လိုက်ပြီးနောက် အဝတ်အထည်ထည့်ရန်၊ သင်သည် Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ဦးစွာပိတ်ရပါမည်။

Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း)

လျှော်ဖွပ်မှုအစီအစဉ်ကို နောက်မှအဆုံးသတ်ရန် အဝတ်လျှော်စက်ကို သတ်မှတ်နိုင်ပါသည်။ ပြသထားသည့် နာရီက အဝတ်လျှော်ပြီးမည့်အချိန်ကို ညွှန်ပြပါသည်။


1. စက်ဝန်းတစ်ခု ရွေးချယ်ပါ။ ထို့နောက်၊ လိုအပ်ပါက စက်ဝန်း ဆက်တင်များကို ပြောင်းပါ။
2. လိုချင်သောပြီးဆုံးချိန်ကို မသတ်မှတ်ရသေးမချင်း Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း) ကို ထပ်ကာထပ်ကာနှိပ်ပါ။
3. စတင်ပါ/ခေတ္တရပ်ပါ ကို နှိပ်ပါ။ Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း) ခလုတ်ဘေးရှိ အချက်ပေးမီးလင်းလာပြီး တိုင်မာစတင်ပါမည်။
4. Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း) ကို ပယ်ဖျက်ရန် ပါဝါ ကို နှိပ်ပြီး အဝတ်လျှော်စက်ကို ပြန်စတင်နိုင်သည်။

Untitled-11 41 2023-11-10 2:31:11

စက်လည်ပတ်ပုံ

လက်တွေ့ဘဝဖြစ်ရပ်

သင်သည် နှစ်နာရီကြာမည့် လျှော်ဖွပ်ရေးစက်ဝန်းကို ယခုအချိန်မှနေ၍ 3 နာရီအကြာတွင် အဆုံးသတ်လိုသည်။ ထိုသို့လုပ်ဆောင်ရန်အတွက်၊ 3-နာရီဆက်တင်ဖြင့် လက်ရှိအစီအစဉ်တွင် Delay End (ရွှေ့ဆိုင်းအဆုံးသတ်ခြင်း) ရွေးချယ်ခွင့်ကို ထည့်ပြီးနောက်နေ့လည် 2 တွင် စတင်ပါ/ခေတ္တရပ်ပါ ကို နှိပ်ပါ။ အဝတ်လျှော်စက်သည်ညနေ 3 တွင် စတင်အလုပ်လုပ်ကာညနေ 5 တွင် ပြီးဆုံးပါမည်။ အောက်တွင်ဖော်ပြထားသည်မှာ ဤဥပမာအတွက် အချိန်ညွှန်ပြချက်ဖြစ်ပါသည်။



Sound On/Off (အသံ ဖွင့်/ပိတ်)

သင်က သော့ကို ဖွင့် သို့မဟုတ် ပိတ်နိုင်သည်။ သင်က စက်ကို ပြန်လည်စတင်ပြီးနောက်တွင် သင့်ဆက်တင်က ဆက်လက်၍ အကျုံးဝင်နေပါမည်။

- အသံဖွင့်/ပိတ်ရန် Rinse (ရေလျှော်မည်) နှင့် Spin (လှည့်ပါ) ကို 3 စက္ကန့်ကြာ ဖိ၍နှိပ်ထားပါ။

Untitled-11 42 2023-11-10 2:31:11

ထိန်းသိမ်းပြုပြင်ခြင်း

သန့်ရှင်းရေး

စက်စွမ်းဆောင်ရည်ကျဆင်းမှုကို ကာကွယ်တားဆီးရန်နှင့် စက်သက်တမ်းကို ထိန်းသိမ်းရန် အဝတ်လျှော်စက်ကို သန့်ရှင်းအောင်ထားပါ။

အပြင်ပိုင်း

- ဆပ်ပြာမှုန့်၊ ချွတ်ဆေး၊ သို့မဟုတ် အခြားသောဖိတ်စင်မှုများအားလုံးကို အဝတ်ပျော့ကိုသုံး၍ သုတ်ပစ်ပါ။
- ထိန်းချုပ်ပန်နယ်အား ချောမွတ်၊ စိုစွတ်သော အဝတ်စဖြင့် သန့်ရှင်းရေးလုပ်ပါ။ ကြမ်းရှသောအမှုန်များ သို့မဟုတ် သန့်ရှင်းရေးလုပ်သည့်အပြားများကို မသုံးပါနှင့်။ ပန်နယ်များပေါ် သို့ သန့်ရှင်းရေးပစ္စည်းများ တိုက်ရိုက် မဖျန်းပါနှင့်။

ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး)

စည်ပိုင်းကို သန့်ရှင်းရေးလုပ်ရန်နှင့် ၎င်းထဲမှဘက်တီးရီးယားများကိုဖယ်ရှားရန် ဤအစီအစဉ်ကို ပုံမှန်လုပ်ဆောင်ပါ။

1. စည်ပိုင်းကို လုံးဝပိတ်ထားကြောင်း သေချာအောင်လုပ်ပါ။
2. အဝတ်လျှော်စက်ကို ဖွင့်ရန် ပါဝါ ကို နှိပ်ပါ။
3. ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) ကို ရွေးချယ်လိုက်သည်အထိ Cycles (အစီအစဉ်များ) ကို ထပ်ကာထပ်ကာနှိပ်ပါ။ သင်သည် Delay End (ဒွန်ဆိုင်းအဆုံးသတ်ခြင်း) ကို ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) ဖြင့်လည်း အသုံးပြုနိုင်ပါသည်။
4. စတင်ပါ/ခေတ္တရပ်ပါ ကို နှိပ်ပါ။

မှတ်ချက်

အဝတ်လျှော်စက်ကို စိုစွတ်သောနေရာတွင် တပ်ဆင်ကာ အသုံးပြုပါက၊ လေထဲရှိဘက်တီးရီးယားများသည် စည်ပိုင်း၏ စိုစွတ်သောမျက်နှာပြင်တွင် ကပ်ငြိကာ သင့်ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သောမှိုများ ပေါက်ဖွားလာမည်ဖြစ်ပါသည်။ သင့်အဝတ်လျှော်စက်စည်ပိုင်းကို သန့်ရှင်းအောင်ထားရန်အတွက်၊ စည်ပိုင်းကိုသန့်ရှင်းရေးလုပ်ရန် ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) အစီအစဉ်ကို 1-2 လကြာတိုင်း သုံးပေးပါ (သို့မဟုတ် ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) ညွှန်ပြသည့်ကိရိယာ ⬚ ပွင့်လာသည့်အခါ)။

⚠ သတိ

- စည်ပိုင်း လုံးဝလွတ်နေမှသာ ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) ကိုဖွင့်ပါ။ ၎င်းသည် အဝတ်အထည်ကို ပျက်စီးစေနိုင်ပါသည် သို့မဟုတ် အဝတ်လျှော်စက်တွင် ပြဿနာဖြစ်စေနိုင်ပါသည်။

Untitled-11 43 2023-11-10 2:31:12

ထိန်းသိမ်းပြုပြင်ခြင်း

- အဝတ်လျှော်စက်ကိုအသုံးပြုသော အခြေအနေများနှင့် ပတ်ဝန်းကျင်များပေါ် တွင်မူတည်ကာ၊ စည်ပိုင်းရှိ ညစ်ညမ်းမှုဒီဂရီ သို့မဟုတ် ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) အစီအစဉ် ပြောင်းလဲသွားနိုင်ပါသည်။ ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) အစီအစဉ်ကိုသုံးသည့်အခါ၊ စည်ပိုင်းအောက်ခြေတွင် 200 ml ကလိုရင်းချွတ်ဆေးကို နှံ့အောင်လောင်းထည့်ပါ။
  - ကလိုရင်းချွတ်ဆေးကိုလွန်ကဲစွာသုံးခြင်းသည် ထုတ်ကုန်ပျက်စီးခြင်းကို ဖြစ်စေနိုင်ပါသည်။ ကလိုရင်းချွတ်ဆေးကို (ဇီနီကာ၊ စစ်ထရစ်နှင့် အောက်ဆီဂျင်ချွတ်ဆေး၊ ကဲ့သို့သော) အခြားအရာများနှင့် မရောပါနှင့်။
  - ကလိုရင်းချွတ်ဆေးကို ထိုအရာများနှင့်ရောခြင်းသည် အန္တရာယ်ရှိသောဓာတ်ငွေ့ကို ထွက်ရှိစေနိုင်ပါသည်။ ကလိုရင်းချွတ်ဆေးကိုသုံးသည့်အခါ၊ ပတ်ဝန်းကျင်ဇရိယာ လေဝင်လေထွက်ကောင်းစေရန် သေချာအောင်လုပ်ပါ။ သင်သည် စည်ပိုင်းကို သန့်ရှင်းရေးမလုပ်ဘဲ အဝတ်လျှော်စက်ကို အချိန်ကြာမြင့်စွာအသုံးပြုပါက သို့မဟုတ် စည်ပိုင်းကို ပထမဆုံးအကြိမ် သန့်ရှင်းရေးလုပ်ခြင်းဖြစ်ပါက၊ ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) အစီအစဉ်ပြီးသည့်နောက် စည်ပိုင်းတွင် အချို့မှာ ကြွင်းကျန်ရစ်နိုင်ပါသည်။
- ကြွင်းကျန်နေသည်များကို ဖယ်ရှားရန် RINSE+SPIN (ရေလျှော်ခြင်း+ရေညှစ်ခြင်း) အစီအစဉ်ကို ထပ်မံလုပ်ဆောင်ပါ။ စွန်းထင်းခြင်းမရှိသောစည်ပိုင်းများသည် အလွယ်တကူသံချေးတက်ခြင်းမရှိသော်လည်း၊ ၎င်းတို့သည် ဖော်ပြပါဖြစ်စဉ်များတွင် သံချေးတက်နိုင်ပါသည်၊ သံချေးတက်လာပါက၊ ရေမြှုပ် သို့မဟုတ် အဝတ်ပျော့ကို ပျော့သောဆပ်ပြာရည်ကိုစွတ်ကာ သုတ်ပစ်ပါ။
  - စည်ပိုင်းထဲတွင် အလွယ်တကူသံချေးတက်နိုင်သောအရာများ (ဘေးကင်းရေးပင်များ၊ ဆံပင်ညှပ်ကလစ်များ၊ စသည်ဖြင့်) အချိန်ကြာမြင့်စွာ ကျန်ရှိနေပါက။
  - စည်ပိုင်းထဲတွင် ကလိုရင်းချွတ်ဆေး အချိန်ကြာမြင့်စွာ ကျန်ရှိနေပါက။
  - စည်ပိုင်းထဲတွင် ကလိုရင်းချွတ်ဆေးအများအပြားကို သုံးထားပါက။

Untitled-11 44 2023-11-10 2:31:12

ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) သတိပေးချက်

- လိုအပ်ပါက ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) အချက်ပြမီးသည် စည်ပိုင်းသန့်ရှင်းရေးအတွက် သင့်ကို သတိပေးပါသည်။ အဝတ်လျော်ဖွပ်ပြီးနောက် အချက်ပြမီး မှိတ်တုတ်လင်းသည်ကို သင်တွေ့လိုက်ရပါက လျော်ဖွပ်ရမည့် အဝတ်အစားကို ဖယ်ရှားပြီး ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) စက်ဝန်းကို ဖွင့်ပါ။
- ဤသတိပေးချက်ကို သင် လျစ်လျူရှုနိုင်ပြီး ပုံမှန်အတိုင်း လျော်ဖွပ်ရေးစက်ဝန်းများကို ဆက်လက်လည်ပတ်အသုံးပြုနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် စနစ်ပိုင်းဆိုင်ရာ ချို့ယွင်းမှု မဟုတ်သောကြောင့် ဖြစ်သည်။ သို့သော် လျော်ဖွပ်ရေးစက်ဝန်းတစ်ကြိမ် ပြီးတိုင်း ချက်ချင်း စက်ဝန်း 6 ကြိမ်ဆက်တိုက် သတိပေးချက်မီး ဆက်လက်လင်းနေပါလိမ့်မည်။
- စည်ပိုင်းကို သန့်ရှင်းအောင်ထားရန် ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) ကို ပုံမှန်ဖွင့်ထားဖို့ အကြံပြုပါသည်။

Power Tub Clean (ပါဝါ စည်ပိုင်းသန့်ရှင်းရေး)

သင်သည် ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) အစီအစဉ်ကို မလုပ်ဆောင်ထားပါက သို့မဟုတ် ပို၍အားကောင်းသော စည်ပိုင်းသန့်ရှင်းရေးလုပ်ခြင်း စွမ်းဆောင်ရည်ကို လိုအပ်ပါက ဤလုပ်ဆောင်ချက်ကို သုံးပါ။ သင်သည် စည်ပိုင်းကို ပို၍စေ့စပ်စွာ သန့်ရှင်းရေးလုပ်ရန် ဆပ်ပြာ ထပ်ထည့်နိုင်ပါသည်။

1. စည်ပိုင်းတွင် ဘာမျှမရှိကြောင်း သေချာပါစေ။
2. အဝတ်လျော်စက်ကို ဖွင့်ရန် ပါဝါ ကို နှိပ်ပါ။
3. Deep Softener (အဝတ်ပျော့ဆေးအပြင်း) ကို 3 စက္ကန့်ကြာ ဖိ၍ နှိပ်ထားပါ။
   - စည်ပိုင်း၏ အောက်ခြေတွင် ကလိုရင်းဓာတ်ဆေး 200 ml ကို အညီအညာလောင်းထည့်ပါ။
4. စတင်ပါ/ခေတ္တရပ်ပါ ကို နှိပ်ပါ။


⚠ သတိပေးချက်

- Power Tub Clean (ပါဝါ စည်ပိုင်းသန့်ရှင်းရေး) အစီအစဉ်ကို လုပ်ဆောင်နေစဉ်တွင် စည်ပိုင်းတွင် မည်သည့်အရာကိုမျှ မထည့်ထားပါနှင့်။ ထိုအရာများ ပျက်စီးသွားနိုင်ပါသည် သို့မဟုတ် အရောင်ကျွတ်သွားနိုင်ပါသည်။
- အဝတ်လျော်စက်ကိုအသုံးပြုသော အခြေအနေများနှင့် ပတ်ဝန်းကျင်များပေါ်တွင်မူတည်ကာ၊ စည်ပိုင်းရှိ ညစ်ညမ်းမှုဒီဂရီ သို့မဟုတ် Power Tub Clean (ပါဝါ စည်ပိုင်းသန့်ရှင်းရေး) အစီအစဉ် ပြောင်းလဲသွားနိုင်ပါသည်။


Untitled-11 45 2023-11-10 2:31:12

ထိန်းသိမ်းပြုပြင်ခြင်း

ရေစစ်




1. စစ်ထုတ်ဆန်ခါ အပြား၏ အပေါ်ပိုင်းကို ဖယ်ရှားရန် ဖိချပါ။




2. ထိုအဖုံးကို လော့ဖွင့်၍ စီးကျနေသော ရေအောက်တွင် ဘရက်ရှ်ဖြင့် စစ်ထုတ်ဆန်ခါကို သန့်ရှင်းရေးလုပ်ပါ။

Untitled-11 46 2023-11-10 2:31:12




3. သန့်ရှင်းရေး လုပ်ပြီးသွားသောအခါ အဖုံးအကာကို ပိတ်ပြီး စစ်ထုတ်ဆန်ခါအပြားကို နဂိုမူလအနေအထားအတိုင်း ပြန်ထည့်ပါ။ စစ်ထုတ်ဆန်ခါအပြား အံကိုက်ဝင်သွားသောအခါ ကလစ်ဆိုသည့်အသံကို သင် ကြားရပါလိမ့်မည်။

ရေစုပ်ထုတ်နည်းဖြင့် စစ်ထုတ်ဆန်ခါ (သက်ဆိုင်ရာ မော်ဒယ်များတွင်သာ)




1. ရေစုပ်ထုတ်နည်းဖြင့် စစ်ထုတ်ဆန်ခါအောက်တွင် ခြေသုတ်တစ်ခု (သို့မဟုတ်) တဘက်တစ်ခု ထားပါ။ ဖယ်ရှားရန် ထိုစစ်ထုတ်ဆန်ခါ၏ ဘုလုံးကို လက်ဝဲရစ်လှည့်ပါ။



2. စီးကျနေသော ရေအောက်တွင် ဘရက်ရှ်အပျော့ဖြင့် စစ်ထုတ်ဆန်ခါကို သန့်ရှင်းရေးလုပ်ပါ။


Untitled-11 47 2023-11-10 2:31:12

ထိန်းသိမ်းပြုပြင်ခြင်း




3. အဆိုပါစစ်ထုတ်ဆန်ခါကို ပြန်ထည့်ပြီး နေရာတကျ အံကိုက်ဖြစ်သွားသည်အထိ လက်ယာရစ် လှည့်ပါ။

စစ်ထုတ်ဆန်ခါ




1. ပြထားသည့်အတိုင်း ရေဝင်ပေါက်အတွင်းမှ စစ်ထုတ်ဆန်ခါကို ဆွဲထုတ်ရန် ပလာယာကို အသုံးပြုပါ။
2. ရေစီးကျနေစေပြီး ပိုက်ကွန်စစ်ထုတ်ကိရိယာကို သန့်ရှင်းရေးလုပ်ရန် ဘရက်ရှ်အပျော့ကို သုံးပါ။




3. အဆိုပါစစ်ထုတ်ဆန်ခါကို ပြန်ထည့်ပါ။ ရေယိုစိမ့်မှုများကို တားဆီးရန် ၎င်းကို ကျပ်အောင်တပ်ထားကြောင်း သေချာပါစေ။

Untitled-11 48 2023-11-10 2:31:13


ဆပ်ပြာမှုန့်ထည့်အံဆွဲ




1. ဆပ်ပြာမှုန့်ထည့်သည့်အံကို လုံးဝဆွဲထုတ်လိုက်ပါ။



2. ဖယ်ရှားရန်အတွက်၊ အစွန်းတစ်ဖက်စီကိုတွန်းထားပြီး ဆပ်ပြာမှုန့်အံကို ဆွဲထုတ်ပါ။




3. အကန့်များမှ Bubble Kit (ပူဖောင်းကစ်) (A) ကို ဖယ်ရှားပါ။ Bubble Kit (ပူဖောင်းကစ်) (A) နှင့် အံကို ရေနွေးနွေးနှင့်ဆေးကာ နူးညံ့သောဘရက်ရှ်ဖြင့် သန့်စင်ပါ။



4. သတ္တုမပါသော ဘရက်ရှ်အသေးလေးဖြင့် အံအဝကို သေချာစွာသန့်စင်ပါ။

Untitled-11 49
2023-11-10 2:31:13

ထိန်းသိမ်းပြုပြင်ခြင်း



5. Bubble Kit (ပူဖောင်းကစ်) (A) ကို ဆပ်ပြာမှုန့်ထည့်သည့်အကန့်တွင် ပြန်ထည့်ပါ။ အံ့ကို အောက်သို့စောင်းထားကာ အကန့်လမ်းကြောင်း (B) ပေါ်တွင် အံ့လမ်းကြောင်း (A) ကို ထားရှိ၍ အံ့ကို ပြန်လည်ထားရှိပါ။
6. အံ့ဆွဲကို လုံးဝပြန်ပိတ်ပါ။

Untitled-11 50 2023-11-10 2:31:13

ချွတ်ယွင်းချက် အဖြေရှာခြင်း

စစ်ဆေးရန်နေရာများ

သင့်တွင် အဝတ်လျှော်စက်နှင့်ပတ်သက်ပြီး ပြဿနာတစ်ခု ကြုံတွေ့ရပါက အောက်ပါဇယားကွက်ကို ပထမဆုံးကြည့်ပြီး အကြံပြုချက်များကို ကြိုးစားလုပ်ဆောင်ကြည့်ပါ။

ပြဿနာ	လုပ်ဆောင်ချက်
မဖွင့်ပါနှင့်။	• အဝတ်လျှော်စက်အတွက် အမြင့်ဆုံးခွင့်ပြုထားသည့် ပါဝါမီးအဝင်နှုန်းကို သင် အသုံးပြုထားကြောင်း သေချာပါစေ။ • ပါဝါမီးကြိုးကို လုံးဝတပ်ထားကြောင်း သေချာပါစေ။ • ဖျူးစ်ကို စစ်ကြည့်ပါ (သို့မဟုတ်) ဆားကစ်ဘရိတ်ကာကို ပြန်ဆက်ပါ။
စတင်မသုံးပါနှင့်။	• အဖုံး ပိတ်ထားကြောင်း သေချာပါစေ။ • ရေပိုက်ခေါင်းများကို ဖွင့်ထားကြောင်း သေချာပါစေ။ • အဝတ်လျှော်စက်ကို စတင်ရန်အတွက် စတင်ပါ/ခေတ္တရပ်ပါ ကိုနှိပ်ရန် (သို့မဟုတ် စတင်ပါ/ခေတ္တရပ်ပါ ကို 3 စက္ကန့်ကြာ ဖိ၍ နှိပ်ထားရန်) သေချာပါစေ။ • Child Lock (ကလေးလော့ခ်) ကို ဖွင့်မထားကြောင်း သေချာပါစေ။ • အဝတ်လျှော်စက်အတွင်း စတင်မထည့်မီ အဖုံးကို လော့ခ်ချထားခြင်း ရှိ မရှိ စစ်ဆေးရန် ကလစ်မြည်သံများ အစဉ်လိုက် ထွက်ပေါ်လာလိမ့်မည်ဖြစ်ပြီး ရေအမြန်စွန့်ထုတ်ပါလိမ့်မည်။ (၎င်းသည် အဖုံးလော့ခ်ချသည့်အင်္ဂါရုပ်ပါရှိသော မော်ဒယ်များတွင်သာ သက်ဆိုင်ပါသည်။) • စည်ပိုင်းလှည့်သည့် စက်ဝန်းအချိန်အတွင်း အဖုံးကို ဖွင့်ခဲ့ပါသလား။ အဖုံးကိုပိတ်ကာ၊ ပြန်စရန် စတင်ပါ/ခေတ္တရပ်ပါ ကိုနှိပ်ပါ (သို့မဟုတ် စတင်ပါ/ခေတ္တရပ်ပါ ကို 3 စက္ကန့်ကြာ ဖိ၍ နှိပ်ထားပါ)။ (၎င်းသည် အဖုံးလော့ခ်ချသည့်အင်္ဂါရုပ် မပါသော မော်ဒယ်များတွင်သာ သက်ဆိုင်ပါသည်။) • အဝတ်လျှော်စက်သည် အသင့်အနေအထားတွင် ရှိနေပါမည် (သို့မဟုတ်) ရေနှစ်စိမ်သည့် စက်ဝန်းတွင် ရှိနေပါမည်။ ကျေးဇူးပြု၍ စောင့်ပါ။ • ဖျူးစ်ကို စစ်ကြည့်ပါ (သို့မဟုတ်) ဆားကစ်ဘရိတ်ကာကို ပြန်ဆက်ပါ။

Untitled-11 51 2023-11-10 2:31:13

ချွတ်ယွင်းချက် အဖြေရှာခြင်း

ပြဿနာ	လုပ်ဆောင်ချက်
ရေ မလာပါ။	• ရေပုံပိုးမှုကိုရွေးပြီးနောက် စတင်ပါ/ခေတ္တရပ်ပါ ကိုနှိပ်ရန် (သို့မဟုတ် စတင်ပါ/ခေတ္တရပ်ပါ ကို 3 စက္ကန့်ကြာ ဖိ၍ နှိပ်ထားရန်) သေချာပါစေ။ • ရေပိုက်ခေါင်းများကို ဖွင့်ထားကြောင်း သေချာပါစေ။ • ရေပေးသည့် ပိုက်ချိတ်ဆက်ကိရိယာတွင်ရှိသည့် စစ်ထုတ်ရေး ဇကာကွက်မှာ ပိတ်ဆို့နေပါသလား။ သွားပွတ်တံဖြင့် ပွတ်တိုက်ခြင်းဖြင့် စစ်ထုတ်ရေး ဇကာကွက်ကို သန့်ရှင်းရေးလုပ်ပါ။ • ရေအဝင် ပြတ်တောက်နေပါသလား။ ရေပေးဝေမှု ပြတ်သွားပါက ရေပိုက်ခေါင်းကို ပိတ်ပြီး ပါဝါမီးပိတ်ပါ။ • ရေပေးဝေရေး ပိုက်များကို ဖြောင့်ကြည့်ပါ။ • ဖွင့်ကာ ပြန်ပိတ်ပြီး၊ စတင်ပါ/ခေတ္တရပ်ပါ ကိုနှိပ်ပါ (သို့မဟုတ် စတင်ပါ/ခေတ္တရပ်ပါ ကို 3 စက္ကန့်ကြာ ဖိ၍ နှိပ်ထားပါ)။ • ရေဖိအား နည်းပါက စတင်အဝတ်လျှော်ဖို့ အချိန်ပိုကြာတတ်ပါသည်။ • Water Level (ရေပမာဏ)သည် လိုအပ်သလောက် မမြင့်ပါက (သို့မဟုတ်) မျှော်မှန်းထားသည်ထက် နည်းနေပါက Water Level (ရေပမာဏ)ကို ချိန်ညှိရန် ရေပမာဏရွေးချယ်ရေးကိရိယာကို အသုံးပြုပါ။
လျှော်ဖွပ်ရေးစက်ဝန်းတစ်ကြိမ်အပြီး အလိုအလျောက် ဆပ်ပြာမှုန့်ထုတ်ပေးသည့်စက်တွင် ဆပ်ပြာကျန်နေပါမည်။	• အဝတ်လျှော်စက်ကို လုံလောက်သော ရေဖိအားဖြင့် လည်ပတ်အသုံးပြုနေကြောင်း သေချာပါစေ။ • ဆပ်ပြာမှုန့်အံဆွဲကို မှန်မှန်ကန်ကန် ထည့်ထားကြောင်း သေချာပါစေ။ • ဆပ်ပြာမှုန့်အံဆွဲကို ဖယ်ပြီး သန့်ရှင်းရေးလုပ်ပြီးနောက် ထပ်မံကြိုးစားကြည့်ပါ။

Untitled-11 52 2023-11-10 2:31:13

ပြဿနာ	လုပ်ဆောင်ချက်
အလွန်အကျွံ တုန်ခါသည် (သို့မဟုတ်) ဆူညံသံ ထွက်သည်။	• အဝတ်လျှော်စက်သည် ပြင်ညီကြမ်းပြင်ပေါ် တွင် ထားရှိကြောင်း သေချာပါစေ။ ကြမ်းပြင်သည် မညီပါက အဝတ်လျှော်စက်ကို ချိန်ညှိဖို့ အောက်ခြေညီညာစေရန် အခုအခံများကို အသုံးပြုပါ။ • အဝတ်လျှော်စက်သည် အခြားအရာဝတ္ထုတစ်ခုခုနှင့် ထိတွေ့မနေကြောင်း သေချာပါစေ။ • လျှော်ဖွပ်ရမည့်အဝတ်အစားပမာဏကို ဟန်ချက်ညီအောင်ထည့်ကြောင်း သေချာပါစေ။ • လျှော်ဖွပ်ရမည့်အဝတ်အစားကို အဝတ်လျှော်စက်အတွင်း အချိုးကျ ခွဲထည့်ကြောင်း သေချာပါစေ။ လျှော်ဖွပ်ရမည့်အဝတ်အစားကို အချိုးကျ ခွဲထည့်ပြီး ပြန်စတင်ပါ။ • အဝတ်လျှော်စက်အနီး နေရာလပ်တွင် အရာဝတ္ထုများရှိမနေကြောင်း သေချာပါစေ။ • စက်လည်ပတ်အသုံးပြုနေစဉ် ပုံမှန်အားဖြင့် တဝီဝီမြည်သံ ထွက်ပါမည်။ • ဒဂီးပြားကဲ့သို့သော အရာဝတ္ထုများက ဆူညံကို ဖြစ်စေနိုင်ပါသည်။ လျှော်ဖွပ်မှုအပြီး ဤအရာဝတ္ထုများကို အဝတ်လျှော်စက်မှ ဖယ်ရှားပါ။

Untitled-11 53 2023-11-10 2:31:14

ချွတ်ယွင်းချက် အဖြေရှာခြင်း

ပြဿနာ	လုပ်ဆောင်ချက်
ရပ်တန့်ခြင်း။	• ပါဝါမီးကြိုးကို တိုက်ရိုက်လျှပ်စစ်ပလတ်ပေါက်အတွင်း ပလတ်ထိုးပါ။ • ဖျူးစ်ကို စစ်ကြည့်ပါ (သို့မဟုတ်) ဆားကစ်ဘရိတ်ကာကို ပြန်ဆက်ပါ။ • အဖုံးကိုပိတ်ကာ၊ အဝတ်လျှော်စက်ကို စတင်ရန်အတွက် စတင်ပါ/ခေတ္တရပ်ပါ ကိုနှိပ်ပါ (သို့မဟုတ် စတင်ပါ/ခေတ္တရပ်ပါ ကို 3 စက္ကန့်ကြာ ဖိ၍ နှိပ်ထားပါ)။ သင်၏ ဘေးကင်းလုံခြုံရေးအတွက် အဖုံး မပိတ်မချင်း အဝတ်လျှော်စက်သည် စတင်လှည့်မည်မဟုတ်ပါ။ (၎င်းသည် အဖုံးလော့ခ်ချသည့်အင်္ဂါရုပ်ပါရှိသော မော်ဒယ်များတွင်သာ သက်ဆိုင်ပါသည်။) • အဝတ်လျှော်စက်အတွင်း စတင်မထည့်မီ အဖုံးကို လော့ခ်ချထားခြင်း ရှိ မရှိ စစ်ဆေးရန် ကလစ်မြည်သံများ အစဉ်လိုက် ထွက်ပေါ်လာလိမ့်မည်ဖြစ်ပြီး ရေအမြန်စွန့်ထုတ်ပါလိမ့်မည်။ • လျှော်ဖွပ်ရေးစက်ဝန်းအတွင်း ခေတ္တရပ်တန့်သည့် (သို့မဟုတ်) ရေစိမ်နှစ်သည့် အချိန်ကာလ ရှိကောင်းရှိနိုင်ပါသည်။ ခေတ္တစောင့်ပါ။ အဝတ်လျှော်စက် စတင်လည်ပတ်နိုင်ပါသည်။ • ရေပိုက်ခေါင်းတွင်ရှိသည့် ရေအဝင်ပိုက်ဇကာကွက်များကို ပိတ်ဆို့မနေကြောင်း သေချာပါစေ။ ထိုဇကာကွက်များကို ပုံမှန်သန့်ရှင်းရေးလုပ်ပါ။ • ပို့အားနည်းခြင်းကြောင့် ဤပြဿနာ ယာယီထွက်ပေါ်ပြီး မီးအားပြန်ကောင်းလာသောအခါ ပြေလည်သွားပါလိမ့်မည်။
ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) သတိပေးသံ မပိတ်သွားပါ။	• စက်သည် သန့်ရှင်းရေးလုပ်ရန် စစ်ဆေးသည့်အခါ ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) ညွှန်ပြသည့်အရာမှာ တစ်နာရီခန့်ကြာအောင် လင်းနေပါသည်။ ECO TUB CLEAN (အီကိုနည်းကျ စည်ပိုင်းသန့်ရှင်းရေး) စက်ဝန်းကို သင် လည်ပတ်အသုံးပြုသည်အထိ ဤအချက်သည် 6 ကြိမ်ဆက်တိုက် ထပ်တလဲလဲဖြစ်ပေါ်နေပါမည်။ ၎င်းသည် ပုံမှန်ဖြစ်ပြီး စနစ်ပိုင်းဆိုင်ရာ ချို့ယွင်းမှု မဟုတ်ပါ။ စည်ပိုင်းကို သန့်ရှင်းအောင်ထားရန် 1-3 လတိုင်း စက်ဝန်းကို လည်ပတ်အသုံးပြုဖို့ အကြံပြုပါသည်။

Untitled-11 54 2023-11-10 2:31:14

ပြဿနာ	လုပ်ဆောင်ချက်
ရေအပူချိန်ကို မှားယွင်းစွာ သတ်မှတ်၍ ဖြည့်ထားသည်။	• ရေပိုက်ခေါင်းနှစ်ခုလုံးကို အပြည့်အဝ ဖွင့်လိုက်ပါ။ • အပူချိန်ရွေးချယ်မှု မှန်ကန်ကြောင်း သေချာပါစေ။ • ရေပိုက်များကို မှန်ကန်သော ရေပိုက်ခေါင်းများနှင့် ချိတ်ဆက်ထားကြောင်း သေချာပါစေ။ ရေပိုက်လိုင်းများမှ ရေကို ထုတ်ပစ်ပါ။ • ရေပိုက်များကို ဖြုတ်ပြီး ဇကာကွက်များကို သန့်ရှင်းရေးလုပ်ပါ။ ရေပိုက်စစ်ထုတ်ဇကာကွက်များတွင် ပိတ်ဆို့ကောင်းပိတ်ဆို့နိုင်ပါသည်။ • အဝတ်လျှော်စက်အတွင်း ရေဖြည့်နေစဉ် အလိုအလျောက် အပူချိန်ထိန်းချုပ်ရေးအင်္ဂါရုပ်က ဝင်လာသည့် ရေအပူချိန်ကို စစ်ဆေးပေးသောကြောင့် ရေအပူချိန် ပြောင်းလဲကောင်းပြောင်းလဲနိုင်ပါသည်။ ၎င်းသည် ပုံမှန်ဖြစ်ပါသည်။ • အဝတ်လျှော်စက်အတွင်း ရေဖြည့်နေစဉ် အေးသည့်အပူချိန် (သို့မဟုတ်) နွေးသည့်အပူချိန်ကို ရွေးချယ်သောအခါ ရေပူတစ်မျိုးတည်း နှင့်/သို့မဟုတ် ရေအေးတစ်မျိုးတည်းသာ ရေထွက်ပေါက်မှတစ်ဆင့် ထွက်လာကြောင်း သင် သတိထားမိကောင်း သတိထားမိနိုင်ပါသည်။ အဝတ်လျှော်စက်က ရေအပူချိန်ကို ဆုံးဖြတ်ပေးသောကြောင့် ၎င်းသည် အလိုအလျောက် အပူချိန်ထိန်းချုပ်ရေးအင်္ဂါရုပ်၏ ပုံမှန်လုပ်ဆောင်ချက် ဖြစ်ပါသည်။
အဖုံး လော့ကျနေပါသည် (သို့မဟုတ်) မပွင့်ပါ။ (၎င်းသည် အဖုံးလော့ခ်ချသည့်အင်္ဂါရုပ်ပါရှိသော မော်ဒယ်များတွင်သာ သက်ဆိုင်ပါသည်။)	• အဖုံးကို လော့ချထားပြီး အဝတ်လျှော်စက် အလုပ်လုပ်ဆောင်နေစဉ်တွင် ဖွင့်၍ရလိမ့်မည်မဟုတ်ပါ။ အဖုံးကိုဖွင့်ရန်အတွက်၊ ဆောင်ရွက်ချက်ကို ဦးစွာ ခဏရပ်ရန် စတင်ပါ/ခေတ္တရပ်ပါ ကိုနှိပ်ပါ။ (Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကိုဖွင့်ထားပါက၊ သင်သည် စတင်ပါ/ခေတ္တရပ်ပါ ကို မနှိပ်မီတွင် Child Lock (ကလေးလော့ခ်) လုပ်ဆောင်ချက်ကို ပိတ်ရပါမည်။)

Untitled-11 55 2023-11-10 2:31:14

ချွတ်ယွင်းချက် အဖြေရှာခြင်း

ပြဿနာ	လုပ်ဆောင်ချက်
ရေမစွန့်ထုတ်ပါ နှင့်/သို့မဟုတ် စည်ပိုင်းမလှည့်ပါ။	• ဖျူးစ်ကို စစ်ကြည့်ပါ (သို့မဟုတ်) ဆားကစ်ဘရိတ်ကာကို ပြန်ဆက်ပါ။ • လျှပ်စစ်ဓို့အားမှာ ပုံမှန်ဖြစ်ကြောင်း သေချာပါစေ။ • အဝတ်လျှော်စက်ကို ပလတ်ထိုးထားကြောင်း သေချာပါစေ။ • ရေစွန့်ထုတ်ပိုက်မှာ အောက်ဘက်ကျနေကြောင်း သေချာပါစေ။ (သဘာဝအတိုင်း ရေစွန့်ထုတ်သည့်မော်ဒယ်များတွင်သာ) • ရေထုတ်ပိုက် ပိတ်မနေကြောင်း သေချာကြည့်ပါ။ • ရေစွန့်ထုတ်ပိုက် တွန့်ခေါက်မနေကြောင်း သေချာပါစေ။ • ရေစွန့်ထုတ်ပိုက်ကို ဖြောင့်ကြည့်ပါ။ ရေစွန့်ထုတ်မှုတွင် အခက်အခဲရှိနေပါက ဝန်ဆောင်မှုစင်တာသို့ ဖုန်းခေါ် ဆိုပါ။ • အဖုံးကိုပိတ်ကာ၊ စတင်ပါ/ခေတ္တရပ်ပါ ကိုနှိပ်ပါ (သို့မဟုတ် စတင်ပါ/ခေတ္တရပ်ပါ ကို 3 စက္ကန့်ကြာ ဖိ၍ နှိပ်ထားပါ)။ သင်၏ ဘေးကင်းလုံခြုံရေးအတွက် အဖုံး မပိတ်မချင်း အဝတ်လျှော်စက်သည် စတင်လှည့်မည်မဟုတ်ပါ။
လျှော်ဖွပ်ရေးစက်ဝန်းအဆုံးတွင် ထည့်ထားသည့်အဝတ်အစားများမှာ စိုစွတ်နေပါသည်။	• စည်ပိုင်းလှည့်နှုန်း High (အမြင့်) (သို့မဟုတ်) အလွန်မြင့်ကို အသုံးပြုပါ။ (သက်ဆိုင်ရာမော်ဒယ်များတွင်သာ) • အလွန်အကျွံ အမြှုပ်ထခြင်းကို လျှော့ချရန် အချိန်ကုန် လူပန်းသက်သာ (HE) ဆပ်ပြာမှုန့်ကို အသုံးပြုပါ။ • လျှော်ရမည့်အဝတ်ပမာဏ အလွန်နည်းသည်။ လျှော်ရမည့်အဝတ်ပမာဏ နည်းခြင်း (တစ်ထည် သို့မဟုတ် နှစ်ထည်) က ဟန်ချက်မညီဖြစ်စေနိုင်ပြီး စည်ပိုင်းလုံးဝမလှည့်ဘဲ ဖြစ်နိုင်ပါသည်။

Untitled-11 56 2023-11-10 2:31:14

ပြဿနာ	လုပ်ဆောင်ချက်
ရေယိုစိမ့်ထွက်သည်။	• ရေပိုက်ချိတ်ဆက်မှုအားလုံးကို ကျပ်နေအောင် တပ်ထားကြောင်း သေချာပါစေ။ • ရေပေးသည့် ပိုက်၏ ဝါရှာအပြားသည် မှန်ကန်သည့်အနေအထားတွင် ရှိနေကြောင်း သေချာပါစေ။ ထပ်မံပြီး တင်းကျပ်စွာ ဝက်အူရစ်ထားပါ။ • ရေစွန့်ထုတ်ပိုက်ကို မှန်မှန်ကန်ကန် ထည့်ထားပြီး ရေစွန့်ထုတ်ရေးစနစ်တွင် အံကိုက်ချိတ်ဆက်ပြီးကြောင်း သေချာပါစေ။ • အလွန်အကျွံ အဝတ်ပုံထည့်ခြင်းကို ရှောင်ကြဉ်ပါ။ • အလွန်အကျွံ အမြှုပ်ထခြင်းကို ကာကွယ်တားဆီးရန် အချိန်ကုန် လူပန်းသက်သာ (HE) ဆပ်ပြာမှုန့်ကို အသုံးပြုပါ။ • ရေပေးဝေသည့်ပိုက် တွန့်ခေါက်မနေကြောင်း သေချာပါစေ။ • ရေစီးဆင်းမှု အလွန်ပြင်းထန်ပါက ရေယိုစိမ့်ထွက်နိုင်ပါသည်။ ရေပိုက်ခေါင်းကို အနည်းငယ်ပိတ်ပါ။ • ရေပိုက်ခေါင်းမှ ယိုစိမ့်ထွက်မှုမရှိကြောင်း သေချာပါစေ။ ယိုစိမ့်ပါက ရေပိုက်ခေါင်းကို ပြုပြင်ပါ။
အမြှုပ်အလွန်ထခြင်း။	• အလွန်အကျွံ အမြှုပ်ထခြင်းကို ကာကွယ်တားဆီးရန် အချိန်ကုန် လူပန်းသက်သာ (HE) ဆပ်ပြာမှုန့်ကို အသုံးပြုပါ။ • မစေးထန်သည့်ရေ၊ လျော်ရမည့်အဝတ်ပမာဏနည်းခြင်း (သို့မဟုတ်) ညစ်ပေစွန်းထင်းမှုနည်းသည့် အဝတ်ပမာဏအတွက် ဆပ်ပြာမှုန့်ပမာဏကို လျှော့ချပါ။ • HE မဟုတ်သည့် ဆပ်ပြာမှုန့်ကို အသုံးပြုဖို့ အကြံပြုထားပါ။
စည်ပိုင်း (သို့မဟုတ်) ရေစွန့်ထုတ်ပိုက်/ရေပေးဝေသည့်ပိုက်မှာ အေးခဲနေသည်။	• ရေပေးဝေသည့်ပိုက်နှင့် ရေစွန့်ထုတ်ပိုက်ကို ဖြုတ်ရန် ရေနွေးကို အသုံးပြုပါ။ ၎င်းပိုက်များကို ရေနွေးတွင် စိမ်နှစ်ထားပါ။ • စည်ပိုင်းကို ရေနွေးဖြင့် ဖြည့်ပြီးနောက် 10 မိနစ်ခန့် စောင့်ပါ။ • ရေစွန့်ထုတ်ပိုက်ချိတ်ဆက်မှုတွင် တဘက်အပူကို ပတ်ထားပါ။ • ရေပေးဝေသည့်ပိုက်နှင့် ရေစွန့်ထုတ်ပိုက်ကို ပြန်ချိတ်ဆက်ပြီး ရေကို မှန်မှန်ကန်ကန် ပေးဝေထားမထား စစ်ကြည့်ပါ။

Untitled-11 57 2023-11-10 2:31:14

ချွတ်ယွင်းချက် အဖြေရှာခြင်း

ပြဿနာ	လုပ်ဆောင်ချက်
ရေကို ချက်ချင်း စွန့်ထုတ်သွားသည်။	• ရေစွန့်ထုတ်ပိုက် ပိတ်မနေကြောင်းနှင့် ရေစွန့်ထုတ်ပိုက် မြေစေရန် ချိတ်ကောက်တွင် ချိတ်ထားကြောင်း သေချာပါစေ။ စည်ပိုင်းကို ရေတစ်ဝက်ဖြည့်ပြီး ထပ်မံလှည့်ဖို့ ကြိုးစားကြည့်ပါ။ • ရေစွန့်ထုတ်ခြင်းကို ကာကွယ်တားဆီးရန် ရေစွန့်ထုတ်ပိုက်၏ အစွန်းတစ်ဖက်ကို မြှင့်တင်ပါ။ စည်ပိုင်းကို ရေတစ်ဝက်ဖြည့်ပြီးနောက် ရေစွန့်ထုတ်ပိုက် လွှတ်လိုက်ပြီးနောက် လှည့်ပါ။ • ရေစွန့်ထုတ်ပိုက်ကို မှန်မှန်ကန်ကန် တပ်ဆင်ထားကြောင်း သေချာပါစေ။ ဤအသုံးပြုသူလက်စွဲစာအုပ်၏ တပ်ဆင်ရေးအပိုင်းကို ကြည့်ပြီး ညွှန်ပြထားသည့်အတိုင်း ရေစွန့်ထုတ်ပိုက်၏ အနေအထားကို ချိန်ညှိပါ။
အဝတ်အစားပေါ်ရှိ အစွန်းအထင်းများ။	• ရေစစ်ကို သန့်ရှင်းရေးလုပ်ပါ။
အနံ့ရှိသည်။	• ချောင်ကြိုချောင်ကြားတွင် အလွန်များပြားသည့် အမြှုပ်များ စုလာပြီး အနံ့ဆိုးကို ဖြစ်စေနိုင်ပါသည်။ • ပုံမှန်သန့်ရှင်းစေရန် သန့်ရှင်းရေး စက်ဝန်းများကို လည်ပတ်အသုံးပြုပါ။ • လျှော်ဖွပ်ရေးစက်ဝန်းတစ်ကြိမ်ပြီးနောက် အဝတ်လျှော်စက်အတွင်းပိုင်းကို ခြောက်သွေ့အောင်ထားပါ။

ပြဿနာ ဆက်လက်ရှိနေပါက ဒေသတွင်း Samsung ဝန်ဆောင်မှုစင်တာကို ဆက်သွယ်ပါ။

Untitled-11 58 2023-11-10 2:31:14

အချက်အလက်ကုဒ်များ

အဝတ်လျှော်စက် ပျက်နေပါက ဖန်သားပြင်ပေါ်တွင် အချက်အလက်ကုဒ်တစ်ခုကို သင် တွေ့နိုင်ပါသည်။
အောက်ပါဇယားကွက်ကို ကြည့်ပြီး အကြံပြုချက်များကို ကြိုးစားလုပ်ကြည့်ပါ။

ကုဒ်	လုပ်ဆောင်ချက်
1C	ရေပမာဏ အာရုံခံစနစ်သည် မှန်မှန်ကန်ကန် အလုပ်မလုပ်ပါ။ • ရေပမာဏ အာရုံခံစနစ် ပါယာကြိုးကို စစ်ကြည့်ပါ။ • အချက်အလက်ကုဒ် ဆက်လက်ရှိနေသေးပါက ဈေးဝယ်သူ ဝန်ဆောင်မှုစင်တာသို့ ဆက်သွယ်ပါ။ မှတ်ချက် အဝတ်လျှော်စက်မှ "1C" ကိုပြသသည့်အခါ၊ အဝတ်လျှော်စက်သည် 3 မိနစ်ကြာအောင် ရေထုတ်မည်ဖြစ်ပြီး ထိုအချိန်တွင် ပါဝါ ခလုတ်မှာ အလုပ်လုပ်မည်မဟုတ်ပါ။
3C	အလုပ်လုပ်ဆောင်မှုအတွက် မော်တာကိုစစ်ဆေးပါ။ • အစီအစဉ်ကို ပြန်စတင်ဖို့ကြိုးစားကြည့်ပါ။ • ပြဿနာ ဆက်လက်ရှိနေပါက ဝန်ဆောင်မှုစင်တာကို ဖုန်းခေါ်ဆိုပါ။
4C	ရေ မလာပါ။ • ရေပိုက်ခေါင်းများကို ဖွင့်ထားကြောင်း သေချာပါစေ။ • ရေပိုက်များ ပိတ်ဆို့မနေကြောင်း သေချာပါစေ။ • ရေပိုက်ခေါင်းများ အေးခဲမနေကြောင်း သေချာပါစေ။ • လုံလောက်သော ရေဖိအားဖြင့် အဝတ်လျှော်စက်ကို လည်ပတ်အသုံးပြုနေကြောင်း သေချာပါစေ။ • ရေအေးပိုက်ခေါင်းနှင့် ရေပူပိုက်ခေါင်းကို မှန်မှန်ကန်ကန် ချိတ်ဆက်ထားကြောင်း သေချာပါစေ။ • စစ်ထုတ်ဆန်ခါမှာ ပိတ်ဆို့ခံရနိုင်သောကြောင့် သန့်ရှင်းရေးလုပ်ပေးပါ။ မှတ်ချက် အဝတ်လျှော်စက်မှ "4C" ကိုပြသသည့်အခါ၊ အဝတ်လျှော်စက်သည် 3 မိနစ်ကြာအောင် ရေထုတ်မည်ဖြစ်ပြီး ထိုအချိန်တွင် ပါဝါ ခလုတ်မှာ အလုပ်လုပ်မည်မဟုတ်ပါ။
4C2	• ရေအေးပိုက်မှာ ရေအေးပိုက်ခေါင်းနှင့် မြဲမြံစွာ ချိတ်ဆက်ထားကြောင်း သေချာပါစေ။ ရေပူပိုက်ခေါင်းနှင့် ချိတ်ဆက်ထားပါက လျှော်ဖွပ်ရေးစက်ဝန်း တချို့လည်ပတ်ပြီးနောက် လျှော်ဖွပ်ရမည့်အဝတ်အစားမှာ ပုံပျက်နိုင်ပါသည်။

Untitled-11 59 2023-11-10 2:31:14

ချွတ်ယွင်းချက် အဖြေရှာခြင်း

ကုဒ်	လုပ်ဆောင်ချက်
5C	ရေကို မစွန့်ထုတ်ပါ။ • ရေစွန့်ထုတ်ပိုက်မှာ အေးခဲမနေကြောင်း (သို့မဟုတ်) ပိတ်ဆို့မနေကြောင်း သေချာပါစေ။ • ချိတ်ဆက်မှုအမျိုးအစားအပေါ် မူတည်ပြီး ရေထုတ်ပိုက်ကို မှန်မှန်ကန်ကန် နေရာချထားကြောင်း သေချာပါစေ။ • အစအန စစ်ထုတ်ဆန်ခါပိတ်ဆို့နေနိုင်သောကြောင့် သန့်ရှင်းရေးလုပ်ပေးပါ။ • ရေစွန့်ထုတ်ပိုက်မှာ ရေစွန့်ထုတ်စနစ် တစ်လျှောက်လုံး အဖြောင့်အနေအထားရှိနေကြောင်း သေချာပါစေ။ • အချက်အလက်ကုဒ် ဆက်လက်ရှိနေသေးပါက ဈေးဝယ်သူ ဝန်ဆောင်မှုစင်တာသို့ ဆက်သွယ်ပါ။
8C	MEMS အာရုံခံကိရိယာကို စစ်ဆေးပါ။ • အဝတ်လျှော်စက်ကို ပါဝါပိတ်ပါ။ 2-3 မိနစ်စောင့်ပြီး၊ အဝတ်လျှော်စက်ကို ပါဝါဖွင့်ပြီးနောက် ထပ်မံကြိုးစားပါ။ • ပြဿနာ ဆက်လက်ရှိနေပါက ဝန်ဆောင်မှုစင်တာကို ဖုန်းခေါ်ဆိုပါ။
9C1	အီလက်ထရောနစ်ထိန်းချုပ်မှုအား စစ်ကြည့်ရန် လိုအပ်ပါသည် (ဖို့အားလွန်ကဲခြင်းအမှားအယွင်း)။ • PCB နှင့် ဝါယာကြိုးကို စစ်ကြည့်ပါ။ • ပါဝါမီးကို မှန်မှန်ကန်ကန် ပေးထား၊ မပေးထား စစ်ကြည့်ပါ။ • အချက်အလက်ကုဒ် ဆက်လက်ရှိနေသေးပါက ဈေးဝယ်သူ ဝန်ဆောင်မှုစင်တာသို့ ဆက်သွယ်ပါ။
9C2	ဖို့အားနည်းနေကြောင်း တွေ့ရှိသည်။ • ပါဝါမီးကြိုးကို ပလတ်ထိုးထားမထား စစ်ကြည့်ပါ။ • အချက်အလက်ကုဒ် ဆက်လက်ရှိနေသေးပါက ဈေးဝယ်သူ ဝန်ဆောင်မှုစင်တာသို့ ဆက်သွယ်ပါ။
AC6	အင်ဗာတာ ချိတ်ဆက်မှု ပြဿနာ။ • အင်ဗာတာ PCB နှင့် ဝါယာကြိုးကို စစ်ကြည့်ပါ။ • အချက်အလက်ကုဒ် ဆက်လက်ရှိနေသေးပါက ဈေးဝယ်သူ ဝန်ဆောင်မှုစင်တာသို့ ဆက်သွယ်ပါ။

Untitled-11 60 2023-11-10 2:31:14

ကုဒ်	လုပ်ဆောင်ချက်
dC dC1	အဝတ်လျှော်စက်အဖုံးကို သေချာစွာ မပိတ်ထားပါ။ • အဖုံးကို မှန်မှန်ကန်ကန် ပိတ်ထားကြောင်း သေချာပါစေ။ • လျှော်ဖွပ်ရမည့်အဝတ်အစားမှာ အဖုံးတွင် ညပ်မနေကြောင်း သေချာပါစေ။ • အချက်အလက်ကုဒ် ဆက်လက်ရှိနေသေးပါက ဈေးဝယ်သူ ဝန်ဆောင်မှုစင်တာသို့ ဆက်သွယ်ပါ။
HC	အပူချိန် မြင့်မားစွာဖြင့် အပူပေးနေခြင်းရှိ၊ မရှိ စစ်ဆေးပါ။ • အချက်အလက်ကုဒ် ဆက်လက်ရှိနေသေးပါက ဈေးဝယ်သူ ဝန်ဆောင်မှုစင်တာသို့ ဆက်သွယ်ပါ။
LC	ရေထုတ်ပိုက်ကို စစ်ကြည့်ပါ။ • ရေစွန့်ထုတ်ပိုက်၏ အစွန်းတစ်ဖက်ကို ကြမ်းပြင်ပေါ် တွင် ထားရှိကြောင်း သေချာပါစေ။ • ရေထုတ်ပိုက် ပိတ်မနေကြောင်း သေချာကြည့်ပါ။ • အချက်အလက်ကုဒ် ဆက်လက်ရှိနေသေးပါက ဈေးဝယ်သူ ဝန်ဆောင်မှုစင်တာသို့ ဆက်သွယ်ပါ။ မှတ်ချက် အဝတ်လျှော်စက်မှ "LC" ကိုပြသသည့်အခါ၊ အဝတ်လျှော်စက်သည် 3 မိနစ်ကြာအောင် ရေထုတ်မည်ဖြစ်ပြီး ထိုအချိန်တွင် ပါဝါ ခလုတ်မှာ အလုပ်လုပ်မည်မဟုတ်ပါ။
OC	ရေလျှံနေပါသည်။ • ရေညှစ်ပြီးနောက် ပြန်စတင်ပါ။ • အချက်အလက်ကုဒ်သည် ဖန်သားပြင်ပေါ် တွင် ဆက်လက်ရှိနေသေးပါက ဈေးဝယ်သူ ဝန်ဆောင်မှုစင်တာသို့ ဆက်သွယ်ပါ။
PC	ကလပ်၏ အနေအထားကို ရှာမတွေ့နိုင်သောအခါမျိုးဖြစ်သည်။ • အချက်အလက်ကုဒ် ဆက်လက်ရှိနေသေးပါက ဈေးဝယ်သူ ဝန်ဆောင်မှုစင်တာသို့ ဆက်သွယ်ပါ။
PC1	ကလပ်၏ အနေအထားကို ရှာတွေ့ပြီးနောက် အဆိုပါကလပ်၏ အချက်ပြမီးမှာ မှားယွင်းနေပါသည်။ • အချက်အလက်ကုဒ် ဆက်လက်ရှိနေသေးပါက ဈေးဝယ်သူ ဝန်ဆောင်မှုစင်တာသို့ ဆက်သွယ်ပါ။

Untitled-11 61
2023-11-10 2:31:14

ချွတ်ယွင်းချက် အဖြေရှာခြင်း

ကုဒ်	လုပ်ဆောင်ချက်
Ub	ရေညှစ်ခြင်း အလုပ်မဖြစ်ပါ။ • လျှော်ဖွပ်ရမည့်အဝတ်အစားကို အချိုးကျ ခွဲထည့်ထားကြောင်း သေချာပါစေ။ • အဝတ်လျှော်စက်သည် မြေပြင်ညီပြီး ခိုင်ခံ့သည့် မျက်နှာပြင်ပေါ်တွင် ရှိနေကြောင်း သေချာပါစေ။ • လျှော်ရမည့်ပမာဏကို ပြန်လည်မျှတအောင်လုပ်ပါ။ ရေချိုးခန်းသုံး ဝတ်ရုံ သို့မဟုတ် ဂျင်းတစ်ထည်ကဲ့သို့သော အဝတ်အထည်တစ်မျိုးတည်းကိုသာ လျှော်ဖွပ်ဖို့ လိုအပ်ပါက နောက်ဆုံးစည်ပိုင်းလှည့်သည့် ရလဒ်မှာ စိတ်ကျေနပ်ဖွယ်ဖြစ်မည် မဟုတ်ကာ "Ub" အမှန်ခြစ်ထားသည့် မက်ဆေ့ချ်ကို ဖန်သားပြင်ပေါ်တွင် ပြပါလိမ့်မည်။

အချက်အလက်ကုဒ်တစ်မျိုးမျိုးကို စခရင်ပေါ်တွင် ဆက်လက်ပြနေပါက ဒေသတွင်း Samsung ဝန်ဆောင်မှုစင်တာကို ဆက်သွယ်ပါ။

Untitled-11 62 2023-11-10 2:31:14

သတ်မှတ်ချက်

အေသးစိတ်ဖော်ပြချက် စာရင်း

အမျိုးအစား		အဝတ်အစားပမာဏ အများဆုံး ထည့်နိုင်သည့် အဝတ်လျှော်စက်	
		WA16CG6441**	WA17CG6441**
ဆန့်သည့်ပမာဏ (kg)		16.0	17.0
ပါဝါသုံးစွဲမှု (W)	AC 220-240 V / 50 Hz	500	
အတိုင်းအတာများ (mm)		အနံ637 x အနက်701 x အမြင့်1068	အနံ637 x အနက်701 x အမြင့်1093
အသားတင် အေလးချိန် (kg)		45.0	
ရေဖိအား (MPa (kg·f/cm²))		0.05 - 0.78 (0.5 - 8.0)	
လှည့်သည့်နှုန်း (rpm)		700	

မှတ်ချက်

- ခေါ်ယူင့်သက်တ (*) အဓိပ္ပာယ်သည် မူကဲသည့် မော်ဒယ်ဟု ဆိုလိုပြီး (0-9) သို့မဟုတ် (A-Z) အထိ ကဲပြားနိုင်ပါသည်။
- အရည်အသွေး တိုးတက်စေရန်အလို့ငှာ ဒီဇိုင်းနှင့် အေသးစိတ်ဖော်ပြချက်များသည် ကြိုတင်အကြောင်းမကြားဘဲ ပြောင်းလဲနိုင်ဖယ်ရှိသည်။
- အဝတ်လျှော်စက်သည် ရေဖိအားနည်းသည့် အခြေအနေများတွင် လည်ပတ်နိုင်သော်လည်း စက်၏စွမ်းဆောင်ရည်ကို ထိခိုက်စေနိုင်သည်။

Untitled-3 55 2025-06-12 2:53:21

SAMSUNG

မေးခွန်းများ (သို့မဟုတ်) ထင်မြင်သုံးသပ်ချက်များ ရှိပါသလား။

နိုင်ငံ	ဖုန်းခေါ်ဆိုပါ	သို့မဟုတ် ကျွန်ုပ်တို့ကို အွန်လိုင်းမှ ဆက်သွယ်ပါ
THAILAND	Hotline no : 1282 1800-29-3232 (Toll free for all product)	www.samsung.com/th/support
MYANMAR	+95-1-2399-888	www.samsung.com/mm/support
BANGLADESH	08000-300-300 (Toll free) 09612-300-300	www.samsung.com/bd/support